# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၂) ရက် ၊ စနေနေ့ ၊ (2-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်း အဝေး (၃/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြော ကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက် ရောက်ကြသည်။

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တိုင်းရင်းသား ပြည်သူများအားလုံး ပညာတတ်များဖြစ်ရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ခြောက်လသက်တမ်းတိုးပြီး ချိန်တွင် အသစ်ထပ်မံဖွဲ့စည်းသည့် ကောင်စီဝင် များဖြင့် ဒုတိယအကြိမ်ပြုလုပ်သည့်အစည်းအဝေး ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေချိန် အတွင်း နိုင်ငံတော်ကို ပုံမှန်လမ်းကြောင်းအတိုင်း ဖြစ်စေရန်နှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်
Exhibition Venue Award ရရှိခဲ့သော
မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် **ရတနာပုံ ခန်းမ**

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသအလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်တို့အတွက် အခွင့်အလမ်းများ

လူငယ်တို့ကြီးပွားချမ်းသာရန် လောကကြီးတွင် အခွင့်အလမ်းအမျိုးမျိုးစောင့်ကြိုလျက်ရှိသည်။ ထိုအခွင့်အလမ်းများကို မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယအားတို့ဖြင့် မိမိရရဖမ်းယူပြီး အကျိုးရှိအောင် အသုံးချနိုင်ရန်သာလိုပါသည်။ မိမိ၏ကံအကျိုးပေးအရ ပညာများဆည်းပူးနေရသည့်အခြေအနေမျိုးတွင် ဉာဏ်အားကို ထိရောက်ထက်မြက်အောင်အသုံးမပြုဘဲနေလျှင်၊ ကြိုးစားမှုဝီရိယအားလည်း မရှိခဲ့လျှင် ရရှိထားသည့်အခွင့်အလမ်းကို အသုံးမချနိုင်ဘဲ နောင်တွင် မိမိတစ်ကိုယ်တည်းရပ်တည်ရန်ပင် မနည်းလုပ်ကိုင်နေရသောဘဝမျိုးဖြင့် နေဝင်စခန်းသိမ်းသွားနိုင်ပါသည်။

မိမိဘဝအတွက် ပညာဆည်းပူးလေ့လာနေသည့်အရွယ်တွင် တကယ်တတ်မြောက်အောင်သင်ယူရန် အရေးကြီးသည်။ ပညာကို တကယ်တတ်မြောက်အောင် ကြိုးစားလေ့လာဆည်းပူးနေသူကို ပညာရပ်နယ်ပယ်ထဲသို့ နက်နက်ရှိုင်းရှိုင်း ထိုးထိုးထွင်းထွင်းဝင်ရောက်နိုင်အောင် ဆရာကောင်းများက နည်းမှန်လမ်းမှန် သင်ကြားပို့ချပေးပေလိမ့်မည်။ ထို့ပြင် မိမိ၏ ပညာတံခါးကို အကျယ်ပြန့်ဆုံးအထိဖွင့်လှစ်ပေးမည့် သဘောအကောင်းဆုံးဆရာသမားတို့မှာ စာအုပ်စာပေများဖြစ်ကြပြီး မိမိဆည်းပူးလေ့လာနိုင်သလောက် ပညာရပ်၏အနက်ရှိုင်းဆုံး၊ အကျယ်ပြန့်ဆုံးနယ်ပယ်ရောက်သည်ထိပင် စာအုပ်စာပေများက ဆရာစားမချန် ခေါ်ဆောင်လမ်းဖွင့်ပေးမည်ဖြစ်ပေသည်။

လောကတွင် လူရာဝင်ချင်သူ၊ လူတစ်လုံးသူတစ်လုံးဖြစ်ချင်သူမှန်သမျှသည် ငယ်စဉ်ကပင် စာဖတ်သည့်အကျင့်ရှိရပေမည်။ စာကောင်းပေကောင်းကိုလည်း ရွေးချယ်ဖတ်ရှုနိုင်ရမည်ဖြစ်သည်။ **"စာအုပ်စာပေများထဲက လူသားတို့အတွက် မှန်ကန်သည့်အသိဉာဏ်ရင့်သန်မှုကိုပေးနိုင်စွမ်းရှိ၍ မောင်တို့မယ်တို့အနေဖြင့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန်လိုအပ်ကြောင်း၊ ငယ်စဉ်ဘဝထဲက စာကောင်းပေမွန်များဖတ်ရှုခြင်းအားဖြင့် မှန်ကန်သည့်အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများကိုန်းအောင်းနိုင်စေရန် အခြေခံစိတ်ဓာတ်ကောင်းများလည်း ရရှိစေမည်ဖြစ်ကြောင်း၊"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့်(အငယ်တန်းအဆင့်) (၁/၂၀၂၅)မှသင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို တွေ့ဆုံအမှာစကားပြောကြားရာတွင် စာကောင်းပေမွန်များ ဖတ်ရှုလေ့လာကြရန်နှင့်ပတ်သက်၍ အလေးအနက်ထားထည့်သွင်းပြောကြားခဲ့သည်။

စာဖတ်ခြင်းသည် တစ်သက်တာသင်ယူမှုကို အထောက်အကူဖြစ်စေသည်။ မိမိစိတ်ဝင်စားသည့်နယ်ပယ် လေ့လာလိုသည့်ပညာရပ်ကို စာဖတ်ခြင်းမှတစ်ဆင့် အကန့်အသတ်မဲ့လေ့လာခွင့်ရှိသည်။ သုတ၊ ရသ စာပေမျိုးစုံကို ဖတ်ရှုနေခြင်းဖြင့် မိမိ၏အရည်အသွေးများကို မြှင့်တင်နိုင်မည်ဖြစ်သည်။ သိသိသာသာရရှိလာသည့် အကျိုးကျေးဇူးတစ်ရပ်သည် မှန်ကန်စွာဆင်ခြင်သုံးသပ်မှုအင်အားကောင်းလာခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် ပျိုရွယ်စဉ်ကတည်းက မိမိ၏အသိဉာဏ်ကိုအခြေပြု၍ အသိပညာ၊အတတ်ပညာများကို တကယ်တတ်မြောက်အောင် အားထုတ်ဆည်းပူးနိုင်ခွင့် အခွင့်အလမ်းများကို မိမိရရအကျိုးရှိရှိ အသုံးချသင့်ပါသည်။ မိမိ၏အသိဉာဏ်ပညာများ မြင့်မားလာသည်နှင့်အမျှ လောကကိုအကျိုးပြုနိုင်သော အစွမ်းသတ္တိများ ပိုမိုထက်မြက်ကျယ်ပြန့်လာမည်ဖြစ်ပေရာ ပညာရပ်တို့အပေါ် အခွင့်အလမ်းများအဖြစ်ရှုမြင်၍ ရင်းဖျားကုန်စင် တတ်မြောက်မြင်သည်အထိ ထူးချွန်ပေါက်မြောက်အောင် အင်နှင့်အားနှင့် စွဲစွဲမြဲမြဲကြိုးစားကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ရှိ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များအကြောင်း အသိပညာပေးဟောပြောမည်



ယခင်ပြုလုပ်ခဲ့သည့် အသိပညာပေးဟောပြောပွဲကို တွေ့ရစဉ်။

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ရှိ အလုပ်ဌာနများမှ အလုပ်သမားများကို စက်တင်ဘာလ ပထမပတ်မှစ၍ လူမှုဖူလုံရေးအကျိုးခံစားခွင့်များအကြောင်း အသိပညာပေးဟောပြောမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် အာမခံစနစ်များအကြောင်း ပိုမိုသိရှိနားလည်စေရန် ဟောပြောပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အသိပညာပေးဟောပြောရာတွင် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့တွင်ရှိသည့် အလုပ်ဌာနများကို မြို့နယ်လူမှုဖူလုံရေးရုံးများမှ ချိတ်ဆက်ပြီး တိုင်းဒေသကြီးတာဝန်ခံ၊ ခရိုင်တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးများက ပူးပေါင်းပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံ ဦးသန်းနိုင်ဦးက ပြောပြသည်။

"မြို့နယ် တစ်မြို့နယ်ကို ငါးကြိမ် ဟောပြောသွားမှာပါ။ တိုင်းဒေသကြီးရုံးအနေနဲ့က တစ်ကြိမ်၊ ခရိုင်ရုံးအနေနဲ့က တစ်ကြိမ်၊ မြို့နယ်ရုံးအနေနဲ့က သုံးကြိမ်ပြုလုပ်ဟောပြောပေးသွားမှာပါ။ အာမခံစနစ်သုံးခုကို ထည့်ဝင်ကြေးဘယ်လောက်သွင်းရမယ်။ တစ်ခုချင်းကနေ ဘာတွေရနိုင်တယ်။ ဆေးကုသမှုခွင့်အပြင် ငွေကြေးအကျိုးခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ်မှာ မမာမကျန်းရမယ်။ မီးဖွားရမယ်။ အကျိုးခံစားခွင့်တွေ ဘယ်လိုရမယ်ဆိုတဲ့ အကြောင်းအရာတွေဟောပြောမယ်။ ဆေးခန်းလာရင် စာရွက်စာတမ်းယူဆောင်ရမဲ့အကြောင်းတွေ ဟောပြောမယ်။ ငွေကြေးအကျိုးခံစားခွင့်ရဖို့ ဆေးခွင့်ရလာရင် မြို့နယ်ရုံးတွေမှာ ပြန်လျှောက်တဲ့အခါ လိုအပ်တဲ့စာရွက်စာတမ်းတွေအကြောင်း ဟောပြောမယ်။ အချိန်ကာလဘယ်လောက်အတွင်းမှာ တောင်းရမယ်ဆိုတာ ဟောပြောမယ်။ အလုပ်သမားတွေသိလိုတာကို ဟောပြောပြီး အပြန်အလှန် ဆွေးနွေးပေးသွားမှာဖြစ်ပါတယ်"ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

လူမှုဖူလုံရေးရုံးက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်အကြောင်းတို့ကို အာမခံအလုပ်သမားများ ပိုမိုသိရှိနားလည်စေပြီး အကျိုးခံစားခွင့်များရရှိစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးမြေဈေးကွက်သည် ယခုအခါ ပြန်လည်လှုပ်ခတ်စပြုလာသော်လည်း အရောင်းအဝယ် သိသိသာသာ ပြောင်းလဲခဲ့ခြင်းမျိုး မရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များက ပြောပြ၍ သိရသည်။

ယခုအခါ အိမ်ခြံမြေဈေးနှုန်းများ ကာလပေါက်ဈေးထက် ကျဆင်းလာသော်လည်း ငွေကျပ်သိန်းထောင်ကြီးပိုင်းနှင့် သောင်းဂဏန်းပိုင်းရှိနေသည့် အိမ်ခြံမြေများသည် ဈေးနှုန်းတင်းခံနိုင်မှုများကြောင့် အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း၊ အငှားဈေးကွက်လည်း ကျဆင်းသွားခြင်းမျိုးမရှိဘဲ မြို့တွင်းအချက်အချာကျသည့်နေရာများအပါအဝင် လူနေရပ်ကွက်များတွင် ငှားရမ်းရမှုများနေဆဲဖြစ်ကြောင်း သိရသည်။

"မြို့တွင်းအချက်အချာနေရာတွေကို ပိုပြီးအငှားများတယ်။ ငှားလိုသူက များနေတယ်။ ငှားမဲ့နေရာကနည်းနေတော့ ဈေးတွေတက်ကုန်တယ်။ အရင်က မြေကွက်ကျယ်တွေကိုငှားဖို့ တစ်ယောက်၊ နှစ်ယောက်လောက်ပဲ ရှိနေရာက အခုအချိန်မှာ ငှားရမ်းခတွေပိုပေးပြီး ငှားရမ်းလိုသူက များနေတယ်" ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညီအေးက ပြောပြသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၁၇၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညီအေးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ ပေါက်ဈေးရှိနေ

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ ထိုသို့ ရှမ်းပြည်နယ်ဘက်မှ အများဆုံးထွက်ရှိသည့် ပြောင်းဖူး(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလာသောကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလတ်တလော ဈေးကွက်အတွင်းမှာ ရှမ်းပြည်နယ်က အသစ်ဝင်လာတဲ့ ပြောင်းဖူး(ရှမ်း)တွေတော့ မရှိသေးပါဘူး။ လက်ကျန်ပြောင်းဖူး(ရှမ်း)တွေ ဝယ်ယူမှုတော်တော်လေးများလာပြီး မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဩဂုတ်လ နောက်ဆုံးပတ်က ပြောင်းဖူး(ရှမ်း) ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(CP)ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၊ ပြောင်းဖူး (ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစားပြောင်း ၁၂၇၁ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇော်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစားပြောင်း ၁၂၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစားပြောင်းဧက ၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပြောင်းဖူးစားပြောင်း ၁၂၇၁ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပြောင်းဖူးစားပြောင်း ဧက ၉၀၀ စိုက်ပျိုးဖို့ လျာထားတာ လက်ရှိ ၁၂၇၁ ဧက စိုက်ပျိုးပြီးနေပြီ။ ပြောင်းဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ ပြောင်းဖူးစားပြောင်းက ကုန်ကျစရိတ်သက်သာပြီး တောင်သူတွေ တွက်ခြေကိုက်တဲ့ သီးနှံဖြစ်ပါတယ်။ တောင်သူတွေက ပြောင်းဖူးစားပြောင်းကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပြောင်းဖူးစားပြောင်းကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလို ပြောင်းဖူးစားပြောင်းတွေစိုက်ပျိုးတာကလဲ ဒေသတွင်း စားသုံးမှု ဖူလုံစေဖို့ဖြစ်ပါတယ်။ စားသုံးလို့ပိုလျှံရင် ဈေးကွက်ကို ရောင်းချကြပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ပြောင်းဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ယာဉ်ပျံရပ်နေ ဦးတေဇာမင်း-ဒေါ်သူသူအောင်၊ သား-မောင်အောင်ကောင်းမြတ် မြည့်နံ မိသားစုက ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်သေတ္တာတင်သင်္ဘော ၄၂၈ စီးဝင်ရောက်ဆိုက်ကပ်ခဲ့



**ရန်ကုန် ဇော်တင်ဘာ ၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ ကုန်သေတ္တာတင်သင်္ဘော ၄၂၈ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ထိုသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်သေတ္တာတင်သင်္ဘောများ ဝင်ရောက်ခဲ့ရာ ယခုနှစ် ဇန်နဝါရီလက ကုန်သေတ္တာတင်သင်္ဘော ၅၂ စီး၊ ဖေဖော်ဝါရီလတွင် ကုန်သေတ္တာတင်သင်္ဘော ၅၁ စီး၊ မတ်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၅ စီး၊ ဧပြီလတွင် ကုန်သေတ္တာတင်သင်္ဘော အစီးရေ ၅၀၊ မေလတွင် ကုန်သေတ္တာတင်သင်္ဘော ၅၆ စီး၊ ဇွန်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၇ စီး၊ ဇူလိုင်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး၊ ဩဂုတ်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၄ စီးဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်ထံမှ သိရသည်။

"ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွေကို နိုင်ငံတကာသင်္ဘောလိုင်းတွေက ကုန်သေတ္တာတင် သင်္ဘောတွေဝင်ရောက်မှုကတော့ ဒီနှစ် ဇန်နဝါရီလကနေ ဩဂုတ်လထိ ၄၂၈ စီး ဖြစ်ပါတယ်။ နိုင်ငံတကာ ကုန်တင်သင်္ဘောလိုင်းပေါင်း ၂၀ က ကုန်သေတ္တာတင်သင်္ဘောတွေဖြစ်ပါတယ်။ အခုစက်တင်ဘာလမှာလဲ ကုန်တင်သင်္ဘောလိုင်း ၁၅ လိုင်းကနေ ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး ဝင်ရောက်လာအုံးမှာဖြစ်ပါတယ်"ဟု ဦးဇော်ထွန်းလွင်က ပြောပြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ၂၀၂၁ ခုနှစ် မေလမှစတင်၍ နိုင်ငံတကာ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်သင်္ဘောများ ပိုမိုဝင်ရောက်ခဲ့ကာ ကုန်သေတ္တာ ၁၁၀၀၀ ကျော်နှင့် အထွေထွေကုန်စည်မက်ထရစ်တန် ၁၁၅၀၀၀ ပိုမိုကိုင်တွယ်နိုင်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ASH

# တောင်သာမြို့နယ် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဇော်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်သာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်သူကအမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများ အမှန်တကယ် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးရွာကော်မတီဝင်များထံ ငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ထန်းတောကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# ငပဲမြို့နယ် ရှောက်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အုတ်စီရေနုတ်မြောင်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ငဖဲ ဇော်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ရှောက်ဝကျေးရွာ၌ ကျေးရွာတွင်း အုတ်စီရေနုတ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုင်းယုမော်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှောက်ဝကျေးရွာ၌ အုတ်စီရေနုတ်မြောင်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ငဖဲမြို့နယ် ရှောက်ဝကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် တစ်ပေခြောက်လက်မ၊ အမြင့် နှစ်ပေရှိ အုတ်စီရေနုတ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ်သိန်း ၅၀ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ် သိန်း ၇၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဇူလိုင် ၂၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**စင်မာ**



# ရေသောက်ခြင်းဖြင့် ပျောက်ကင်းနိုင်သောရောဂါများ

ကြည်လွင်မြင့်(မုံရွာ)



ရေကုထုံးသည် မူလက ဂျပန်နိုင်ငံတွင်ခေတ်စားရာမှ ယခုအခါ အနောက်နိုင်ငံကြီးများတွင်ပင် ခေတ်စားလာပြီး ထိရောက်အောင်မြင်သော ကုထုံးအဖြစ် လက်ခံကျင့်သုံးလာကြသည်ကို တွေ့ရှိရသည်။ နာမည်ကျော်ဆေးရုံကြီးများမှ အထူးကုသမားတော်ကြီးများပင် ဆေးမတိုးသော၊ ဆေးယဉ်နေသောလူနာတချို့ကို ရေကုထုံးဖြင့် ပြောင်းလဲကုသပေးနေကြောင်း တွေ့ရသည်။

အိပ်ရာထထချင်း ရေသောက်ခြင်းအကျိုးကြောင့် အစာအိမ်ရောဂါဖြစ်၍ နှစ်ကြိမ်ခွဲစိတ်ကုသမှုခံယူထားရသူတစ်ဦး နှစ်ရှည်ခံစားနေရသောဝေဒနာများ ပျောက်ကင်းကျန်းမာသည့်အကြောင်းကို ရေးသားတင်ပြလိုပါသည်။

စာရေးသူ၏လူနာများထဲတွင် လက်လုပ်လက်စားတစ်ဦးရှိသည်။ ထိုသူသည် ပုံကျအလုပ်အမျိုးမျိုးကို လုပ်ကိုင်စားသောက်သူဖြစ်သည်။ ယခုလောလောဆယ် ပန်းရန်လုပ်ရင်း အမြင့်ကလိမ့်ကျ၍ ခါးနာသွားသဖြင့် အလုပ်ရှင်က စာရေးသူဆေးခန်းသို့ ပို့ပေးခြင်းဖြစ်သည်။

စာရေးသူသည် ထိုသူ၏ခါးမှ လိမ့်ကျဒဏ်ရာနှင့် ခါးဆစ်ခါးဆိုင်းကြောများကို အကြောပြင်ဆေးလိမ်းပေးပြီးနောက် ပက်လက်လှန်အိပ်ကြည့်ခိုင်းသောအခါ ကောင်းစွာအိပ်နိုင်သဖြင့် ခါးရိုးဆစ်မကျိုးပါ။ ဒဏ်ရာစိုးရိမ်စရာမရှိပါ။ နှစ်ရက်၊ သုံးရက်အနားယူဆေးလိမ်းလျှင်ကောင်းသွားနိုင်သည်ဟု ပြောပြသည်။

ပက်လက်လှန်အိပ်လိုက်သောအခါ ထိုသူ၏ဝမ်းဗိုက်တွင် အထက်အောက် ဗိုက်ခွဲထားသည့် ချုပ်ရိုးကြီး နှစ်ကြောင်းကို ကင်းခြေများကြီးသဖွယ် တွေ့ရသည်။

စာရေးသူက ဘာဖြစ်လို့ခွဲစိတ်တာလဲဟုမေးသောအခါ သူက အစာအိမ်တွင်အနာရှိသဖြင့် ဆေးရုံတွင် နှစ်ကြိမ် ခွဲစိတ်ကုသမှုခံယူခဲ့ရကြောင်း ပြောပြသည်။

ပထမအကြိမ်ခွဲစိတ်ရခြင်းမှာ လေအောင့်သည်ထင်၍ ကြုံရာလေဆေးတစ်ထုပ် ဝယ်သောက်ရာမှ ချွေးသီးချွေးပေါက်များကျပြီးသတိလစ်သွားသဖြင့် အိမ်နီးချင်းများက ဆေးရုံပို့ပြီး ခွဲစိတ်ရခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သော ၁၀ နှစ်ခန့်ကဖြစ်ကြောင်းဆိုသည်။

ဒုတိယအကြိမ်ခွဲစိတ်ရခြင်းမှာ ပြီးခဲ့သောလေးနှစ်ခန့်ကဖြစ်သည်။ အလုပ်ထဲတွင်မိုးမိပြီး အိမ်ပြန်လမ်း၌ ချမ်းတုန်ဖျားလာသဖြင့် လမ်းထိပ်ဆေးဆိုင်တစ်ဆိုင်တွင် စပ်ဆေးတစ်ထုပ်ဝယ်ခဲ့သည်။ အိမ်ရောက်တော့ စားစရာမရှိသဖြင့် ကော်ဖီမစ်တစ်ထုပ်ဖျော်သောက်ပြီး စပ်ဆေးအတောင့်အပြားများကို တစ်ကြိမ်တည်းသောက်ချလိုက်သည်။ နောက်နာရီဝက်ခန့်ကြာသော် ဗိုက်ထဲက မခံမရပ်နိုင်အောင်နာသည်။ ရေချွေးပုလင်းကပ်ပြီးနေလိုက်သည်။ နံနက် ၂ နာရီခန့်တွင်အန်သည်။ နီရဲသောသွေးများပါလာသဖြင့် ဆေးရုံသို့ အရေးပေါ်တင်ပြီး နံနက် ၈ နာရီခန့်တွင် ခွဲစိတ်ခံရသည်ဟုဆိုသည်။ အစာမစားဘဲ စပ်ဆေးများသောက်ခြင်း၏ ဆိုးကျိုးပင်ဖြစ်တော့သည်။

သူသည် ဆေးရုံမှ ဒုတိယအကြိမ်ဆင်းပြီးနောက် သုံးလခန့်ထိ အစာမစားနိုင်။ ဆန်ပြုတ်၊ ကွေကာအုပ်၊ ဖျော်ရည်များနှင့်သာ အသက်ဆက်နေရသည်ဟုဆိုသည်။ အပူအစပ်နှင့် အစာများများမစားရန်၊ နည်းနည်းနှင့် အကြိမ်များများခွဲစားရန် ဆေးရုံက မှာလိုက်သည်။ ထိုသို့မှာရခြင်းမှာ သူ့အစာအိမ်မှာ နှစ်ကြိမ်ခွဲစိတ်ပြီး လှီးထုတ်ခံထားရသဖြင့် သိပ်မကျန်တော့ ကျဉ်းသွားပြီဟုဆိုသည်။

သူသည် ထမင်းမစားရသဖြင့် လူကပိန်သည်ထက် ပိန်လာသည်။ အလုပ်လည်းမလုပ်နိုင်သဖြင့် ဝင်ငွေကမရှိ၊ စားဝတ်နေရေးအခက်အခဲကလည်းရှိလာသဖြင့် ဘုန်းကြီးကျောင်းတစ်ကျောင်းတွင်နေကာ ကပ္ပိယလုပ်သည်။ ဆရာတော်ကျွေးသောဆွမ်းကျန်ကိုသာ စားသည်။ ဆရာတော်က အစာစားနိုင်အောင် သူ့အစာအိမ်ကို ကုပေးလိုက်သည်ဟု ပြောသည်။

ဆရာတော်ပေးလိုက်သောကုထုံးမှာ အထူးအဆန်းဖြစ်သည်။ နံနက်စောစော အုန်းမောင်းခေါက်ချိန် အိပ်ရာထသည်နှင့် မျက်နှာမသစ်၊ သွားမတိုက်မီရေအဝသောက်ခိုင်းသည်။ အစကတော့ အိပ်ရာထခါစနှင့် မျက်နှာမသစ်၊ သွားမတိုက်ရသေးဘဲ(အာပုပ်ရည်)နှင့် သူက ရေမသောက်ချင်။ သို့သော် ဆရာတော်က နံနက်စောစောခံတွင်းမှအရည်တွင် အစာကြေစေနိုင်သောအရည်ပါသည်ဟုဆိုသည်။

သူသောက်ရသောရေမှာလည်း တစ်ခွက်မဟုတ်။ တစ်ဖလားအပြည့်။ မျက်နှာသစ်သည့်ရေဖလားနှင့် အပြည့်နီးပါးရေကို ရေစစ်ဖြင့်စစ်ပေးပြီး ကုန်အောင်သောက်ခိုင်းသည်။ ရေတစ်ဖလားသောက်ရသည်မှာ လွယ်ကူသည့်ကိစ္စမဟုတ်။

"ဒီရေတွေကို အကုန်ဝင်အောင်သောက် ဒါမှ နင့်အစာအိမ်က ပြန်ကျယ်လာမယ်။ အစာအိမ်ကျယ်မှ အစာဝင်လာမှာ"ဟု ဆရာတော်ကြီးက ပြောသဖြင့် မသောက်ချင်သော်လည်း ကုန်အောင်ကြိတ်မှိတ်သောက်ရသည်။ သူ့ကျောင်းမှာ မှီခိုကပ်ရပ်နေရသောအကြောင်းကလည်း ရှိသည်မဟုတ်လား။

ဤသို့ နေ့စဉ်ရက်ဆက် နံနက်အိပ်ရာထသည့်အချိန် တန်းပြီး ရေတစ်ဖလားသောက်ရသည့်ဒုက္ခမှာ မသေးဟု နဂိုကထင်သော်လည်း တစ်ပတ်၊ ဆယ်ရက်ခန့်ကြာလာသောအခါ ခံနိုင်ရည်ရှိလာသည်။ အကျင့်ဖြစ်၍ နံနက်ထသည်နှင့် ရေတစ်ဖလားကို အားပါးတရသောက်လိုက်ရမှ နေသာသလိုဖြစ်သွားသည်။

နောက်မကြာမီမှာပင် ကျောင်းကစွန့်သည့်ဟင်းမျိုးစုံပါသော ဟင်းနှင့် ထမင်းတို့ကို စားနိုင်လာသည်။ စားနိုင်သည်မှာ ရှေးယခင်ဆယ်နှစ်ကထက်ပင် ပိုစားနိုင်လာသည်။ ယခင်က ထမင်းပန်းကန်တစ်ဝက်ပင်မကုန်။ အစာအိမ်ကျဉ်းသဖြင့် မဝင်သောသူသည် ထမင်းတစ်ဇလုံအပြည့်အသာလေးဝင်သည်။ ဟင်းချိုကလည်းပါသေးသည်။ သူ့ကို နှစ်ကြိမ်နှစ်ခါဒုက္ခပေးခဲ့သောအစာအိမ်သည် ရေသောက်ခြင်းအကျိုးဖြင့် ပြန်ကောင်းခဲ့ရသည်ဟုဆိုသည်။

သူ၏ပြောပြချက်များကို ပြန်စဉ်းစားကြည့်သောအခါ အစာအိမ်နာအခံရှိသူ၊ အကိုက်အခဲပျောက်ဆေး၊ စပ်ဆေးများကို ကြုံရာကျပန်းဝယ်သောက်သဖြင့် အစာအိမ်သွေးကြောပေါက်ရခြင်း၊ ခွဲစိတ်ကုသသည့်အခါ အစာအိမ်ကို လှီးထုတ်၊ ပြန်ချုပ် နှစ်ကြိမ်လုပ်ခဲ့ရဖူးသဖြင့် အစာအိမ်ကျဉ်းသွားပြီး အစာမဝင်သောဘဝရောက်ရသည်။

ခွဲစိတ်ကုသမှုကြောင့် အစာအိမ်ကျဉ်းသွားသောသူ၊ အစာအိမ်ဖြတ်ထုတ်ရသောသူများကို ဆရာဝန်များက အစာများများမစားရန်၊ နည်းနည်းချင်းနှင့်အကြိမ်ကြိမ်ခွဲပြီး အစာကိုစားရန်နှင့် ကြေလွယ်သောအစာကို စားရန် ကောက်ညှင်း၊ ဆန်ကြမ်း၊ မာသောအစာ၊ အကြော်အလှော်၊ အပူအစပ်များကို ရှောင်ခိုင်းလေ့ရှိသည်။ အဓိကဒုက္ခမှာ များများမစားရ။ နည်းနည်းနှင့် တစ်နာရီတစ်ကြိမ်ခန့် စားနေရခြင်းဖြစ်သည်။ လက်လုပ်လက်စားများအဖို့ လိုက်နာရန်မလွယ်သောကိစ္စဖြစ်သည်။

ရှေးမြန်မာနည်း၊ ဗိန္ဓောနည်းများသည် တစ်ခါတစ်ရံ ဆေးမပေးဘဲ ရေနှင့်ကုသောကုထုံးများရှိသည်။ ရေကိုပင် ဆေးတစ်ပါးအဖြစ်သုံးသည်။ ရေအမျိုးမျိုး၏ အာနိသင်ကိုခွဲခြားပြီး ဆေးအဖြစ်သုံးသည်။ ဥပမာ- မိုးရေကိုခံထားပြီး ကျိုချက်သောက်ခြင်း၊ မိုးသီး၊ နှင်းရည်တို့ကိုခံယူထားပြီး မျက်စဉ်းခတ်ခြင်း၊ တိမ်သလာတို့ကိုကုသခြင်းများ ပြုလုပ်လေ့ရှိသည်။

ယခုဆရာတော်က သူ့ကို ရေတစ်ဖလားသောက်ခိုင်းခြင်းမှာလည်း ဆေးကျမ်းတွင် ပါသည်မဟုတ်။ ရှေးအစဉ်အဆက် လက်ဆင့်ကမ်းခဲ့သော ရှေးဗိန္ဓောနည်းဖြစ်ပါလိမ့်မည်။

ရှေးခေတ်က အစွမ်းထက်သော၊ နာမည်ကျော်ကြားသော ဗိန္ဓောဆရာကြီးများရှိခဲ့သည်။ အင်္ဂလိပ်လက်အောက်ကျပြီးနောက် တဖြည်းဖြည်းတိမ်ကောပပျောက်ခဲ့သည်။ လက်ဆင့်ကမ်းအမွေယူမည့်သူမရှိ။ မြန်မာ့ထုံးစံအတိုင်း မှတ်တမ်းမရှိသဖြင့် ပျောက်ပျက်ပျောက်ကွယ်သွားရသော ဆေးကုနည်းကောင်းများစွာရှိနိုင်သည်။

ယခု ထိုသူပြောသောနည်းကို သိရသောအခါ စာရေးသူတို့ငယ်စဉ်က ခေတ်စားခဲ့သော သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါပျောက်သည်ဆိုသော် ဂျပန်ရေသောက်နည်းကို သွားသတိရမိသည်။

ထိုနည်းမှာ ရေတစ်အိုး(တစ်လီတာဘူးနှင့် လေးပုလင်း)သောက်သောနည်းဖြစ်သည်ဟု မှတ်မိသည်။ နည်းလမ်းအတိအကျကိုတော့ မမှတ်မိတော့ပေ။ စာရေးသူ ပဋ္ဌမတန်းကျောင်းသားအရွယ် ၁၉၆၃ ခုနှစ်ခန့်က ဖြစ်သည်။ ထိုရေသောက်နည်းဖြင့်ကျောက်ကပ်နှင့် သွေးတိုးရောဂါရှိသူအတော်များများ ပျောက်ကင်းခဲ့သည်။ နောက်မှ ထိုနည်းသည်အဘယ်ကဲ့သို့မှေးမှိန်သွားသည်ကိုမူ မသိတော့ပေ။

ရေသည် ရန်သူမျိုးငါးပါးတွင် ပါဝင်သော်လည်း မရှိလျှင်မဖြစ်သည့် သက်စောင့်ဓာတ်ဖြစ်သည်။ အာယုဗေဒဆေးပညာ၊ တိုင်းရင်းမြန်မာဆေးပညာ၊ တရုတ်ဆေးပညာအခြေခံတို့တွင် ရေနှင့်မြေသည် လောကနှင့် လူသားတို့အတွက် အဓိကကျသောဓာတ်များဖြစ်သည်။ ဆေးကုသရာတွင် ပိုလျှင်လျှော့ လိုလျှင်ဖြည့်ရမည့်ဓာတ်များဖြစ်သည်။

**ရေကုထုံး**

ရေသောက်ခြင်း၊ ရေကုထုံးများကြောင့် ဆရာဝန်ကြီးများပင် ကောင်းမည်မထင်သည့်ရောဂါဝေဒနာများ ပျောက်ကင်းခဲ့ဖူးသည့် သာဓကများစွာရှိသည်။ ရောဂါရှိသူ၊ မရှိသူ၊ လူ၏အနေအထား၊ ခန္ဓာကိုယ်အချိုးအစားအပိန်၊ အဝ ပေါ်မူတည်၍သောက်သင့်သည့်ရေအချိုးအစား မှန်ကန်စွာသောက်သုံးနိုင်ပါက ရောဂါကင်းရှင်းကျန်းမာစေနိုင်သော သဘာဝကပေးသည့်ဆေးတစ်ပါးဖြစ်သည်။

စာဖတ်သူသည် အောက်ပါရောဂါများရှိသူဖြစ်ပါက ဤနည်းကို စမ်းသပ်ကြည့်စေလိုသည်။

၁။ နှစ်ကြာအစာအိမ်ရောဂါ၊

၂။ လေရောဂါအမျိုးမျိုး၊

၃။ ကျောက်ကပ်ရောဂါ၊ ဆီးရောဂါ၊

၄။ သွေးတိုးရောဂါ၊

၅။ ဝမ်းချုပ်ရောဂါ၊

၆။ လိပ်ခေါင်းရောဂါ၊

၇။ အာသီးရောင်ရောဂါ၊

၈။ အကြောတက်ရောဂါ၊

၉။ မျက်စိအားနည်းရောဂါတို့အတွက် အကျိုးရှိစေနိုင်သည်။

နံနက်အိပ်ရာထချိန်သည် အရုဏ်တက်ချိန်(နံနက် ၄ နာရီမှ ၅ နာရီ မိနစ် ၃၀ အတွင်း)ဖြစ်လျှင် ရေသောက်ခြင်းသည် ပို၍ထိရောက်သည်။ နံနက်အိပ်ရာထလျှင်သောက်ရန် ရေအေးကို ညကတည်းက ရေတကောင်း သို့မဟုတ် ဖန်ချိုင့်တစ်ခုခုဖြင့် ကြိုတင်ပြင်ဆင်ထားလျှင် အကောင်းဆုံးဖြစ်သည်။

ရေသောက်နည်းမှာ အိပ်ရာထပြီး အပေါ့အပါးသွားပြီးသည်နှင့် ရေတစ်ဖလား(သောက်ရေသန့်ဘူးဖြင့်တွက်လျှင် တစ်ဘူးခွဲခန့်)ကို ကုန်နိုင်သမျှသောက်ပါ။ စသောက်သောက်ချင်းမကုန်နိုင်လျှင် မသောက်ပါနှင့်။ နောက်တဖြည်းဖြည်းသောက်နိုင်လာပါလိမ့်မည်။ ဝမ်းမှန်ခြင်း၊ မျက်နှာကြည်လင်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းများသန့်ရှင်း၍ ကျန်းမာခြင်း အကျိုးကျေးဇူးများ မကြာမီရရှိလာပါလိမ့်မည်။ ဆေးမစားရဘဲ ရေသောက်ခြင်းတစ်မျိုးတည်းဖြင့် နှစ်ရှည်ခံစားနေရသောဝေဒနာများပါပျောက်ကင်းပြီး ကျန်းမာအသက်ရှည်နိုင်စေကြောင်း နည်းလမ်းကောင်းအဖြစ် တင်ပြလိုက်ရပါသည်။

❖ နံနက်အိပ်ရာထလျှင်သောက်ရန် ရေအေးကို ညကတည်းက ရေတကောင်း သို့မဟုတ် ဖန်ချိုင့်တစ်ခုခုဖြင့် ကြိုတင်ပြင်ဆင်ထားလျှင် အကောင်းဆုံးဖြစ်သည်။ ရေသောက်နည်းမှာ အိပ်ရာထပြီး အပေါ့အပါး သွားပြီးသည်နှင့် ရေတစ်ဖလား(သောက်ရေသန့်ဘူးဖြင့်တွက်လျှင် တစ်ဘူး ခွဲခန့်)ကို ကုန်နိုင်သမျှသောက်ပါ။ စသောက်သောက်ချင်း မကုန်နိုင်လျှင် မသောက်ပါနှင့်။ နောက်တဖြည်းဖြည်းသောက်နိုင်လာပါလိမ့်မည်။ ဝမ်းမှန် ခြင်း၊ မျက်နှာကြည်လင်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းများသန့်ရှင်း ၍ကျန်းမာခြင်း အကျိုးကျေးဇူးများ မကြာမီရရှိလာပါလိမ့်မည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

## မော်လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၅၉၀ စိုက်ပျိုးပြီးစီး

**မော်လိုက် ဇော်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၅၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၅၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင်မှာ ဒီနှစ်ဟင်းသီးဟင်းရွက် ဧက ၂၅၉၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ အခုဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ဟင်းခတ်အမွှေးအကြိုင်၊ အာလူး၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေအနေနဲ့ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၁၀၇၈ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၁၅၁၂ ဧက စုစုပေါင်း ဧက ၂၅၉၀ ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၂၆၇၅ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ဧက ၃၉၁၀ စုစုပေါင်း ၆၅၈၅ ဧကဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(၂၀၆)



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

## သာစည်မြို့နယ် မောင်းမဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သာစည် ဇော်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောင်းမဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မောင်းမဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့်ဆောင်ရွက်ထားသော နေကြာစိုက်ခင်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် မောင်းမဆည်ကျေးရွာအပါအဝင် စုစုပေါင်း ကျေးရွာ ရှစ်ရွာမှ အသင်းသား၊ အသင်းသူ ၄၅၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၉၀၀ ထုတ်ချေးပေးထားကြောင်း မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးသူ**

## များလှပြည်သူ ကုသိုလ်ယူ

- ဘုန်းကံကြီးမား မြတ်ဘုရား၏
ကိုယ်ပွားဆင်းတု တည်ထားပြုသည်
ကုသိုလ်ရှင်များ သဒ္ဓါပွားလျက်
စိတ်ထားဖြူစင် ကမ္ဘာတွင်ပြီ
ကြည့်မြင်ဖူးကြ များလေစွ။

- များလှပြည်သူ ဖူးမြော်သူတို့
တူညီသည်မှာ ကုသိုလ်ပါတည်း
မြန်မာပြည်မှာ သာသနာသည်
ရှိန်ဝါထွန်းကာ ပွင့်လင်းသာပြီ။

- မြန်ပြည်တစ်ဝန်း စိတ်ရွှင်လန်း၍
ချမ်းသာသူတွေ များပါစေ
တွေဝေငေးမော သောကတောမှာ
မောဟထူကာ အပြစ်ရှာလျက်
သာသနာဖျက် မြန်မာပျက်ရေး
ကြံတွေးသူတွေ ဝေးပါစေ။

- နိုင်ငံတော်ကြီး အံ့ချီးမကုန်
နယ်ပယ်စုံမှာ သာယာအေးချမ်း
ရွှင်လန်းအစဉ် အကောင်းမြင်စိတ်
အောင်နိမိတ်နှင့် ဂုဏ်တင့်စေရေး
မြော်တွေးရွက်ဆောင် အောင်ပါစေ။

- မာရဝိဇယ မြတ်ဗုဒ္ဓ၏
ကြီးစွမေတ္တာ ကရုဏာတို့
မြန်မာသာမက ကမ္ဘာသို့တိုင်
ပျံ့လှိုင်ကျရောက်
ဝမ်းမြောက်စေသတည်း။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## ဇလွန်မြို့နယ် အနောက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇလွန် ဇော်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖက်သောင်ကျေးရွာအုပ်စု အနောက်စုကျေးရွာရှိ ကျေးလက်နေပြည်သူများ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်က စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးမြေ ၅၈ ဧကတွင် နေကြာများစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၂၅ ဦးကို လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်စိုင်**

# နိုင်ငံတကာ သတင်းများ

## ဂျီ ၂၀ ထိပ်သီးညီလာခံလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၁၃၀၀၀၀ ခန့် အိန္ဒိယဖြန့်ကြက်ချထားမည်




**ဒေလီ စက်တင်ဘာ ၁**

နယူးဒေလီမြို့တော်၌ ယခုလအတွင်းကျင်းပမည့် ဂျီ ၂၀ ထိပ်သီးညီလာခံလုံခြုံရေးအတွက် အိန္ဒိယနိုင်ငံက လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၁၃၀၀၀၀ ခန့်ထိ ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၃၁ ရက်တွင် ဖော်ပြခဲ့သည်။

စက်တင်ဘာ ၉ ရက်မှစ၍ နှစ်ရက်ကြာ ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးညီလာခံသို့ ကုလသမဂ္ဂအကြီးအကဲ၊ အမေရိကန်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားမှ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ ထိပ်သီးညီလာခံလုံခြုံရေးအတွက် နယူးဒေလီမြို့တော်ရဲတပ်ဖွဲ့ဝင် ဦးရေ ၈၀၀၀၀ အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၁၃၀၀၀၀ ထိ ဖြန့်ကြက်ရန်စီစဉ်ထားကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

ထို့ပြင် အဆိုပါထိပ်သီးညီလာခံကို လေကြောင်းခြိမ်းခြောက်မှုများမှ ကာကွယ်ရေးအတွက် အိန္ဒိယစစ်ဘက်က မောင်းသူမဲ့လေယာဉ် ချေမှုန်းရေးစနစ်များဖြင့် တာဝန်ယူပေးမည်ဖြစ်သည်။

ထို့နည်းတူ ညီလာခံတက်ရောက်မည့် ကမ္ဘာ့ခေါင်းဆောင်များကို အကြိုအပို့ ပြုလုပ်ရေးအတွက် လီမိုစင်းကျည်ကာယာဉ် အစီး ၂၀ ကိုလည်း ငှားရမ်းထားကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

ထို့ပြင် ဂျီ ၂၀ ထိပ်သီးညီလာခံလုံခြုံရေးအတွက် ပိုမိုသေချာစေရန် စာသင်ကျောင်းများ၊ အစိုးရရုံးများနှင့် စီးပွားရေးလုပ်ငန်းများကိုလည်း သုံးရက်ကြာပိတ်ထားရန် အိန္ဒိယအစိုးရက စီစဉ်ထားကြောင်း သိရသည်။ KKO

## ထိုင်းဘုရင်မင်းမြတ်က ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ထောင်ဒဏ်များကို လျှော့ပေး

**ဗန်ကောက် စက်တင်ဘာ ၁**

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ ထောင်ဒဏ်ပြစ်ဒဏ်များကို ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်းက ယနေ့တွင် လျှော့ပေးခဲ့ကြောင်း အေဘီသတင်းဌာနက ဖော်ပြခဲ့သည်။

ထိုင်းဘုရင် မင်းမြတ်သည် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ကျခံရမည့် ထောင်ဒဏ်ပြစ်ဒဏ် ရှစ်နှစ်ကို တစ်နှစ်အဖြစ်ပြောင်းလဲ သတ်မှတ်လျှော့ပေါ့ပေးထားကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင် ကျခံရမည့် ပြစ်ဒဏ်ကာလအား ထိုင်းဘုရင်းမင်းမြတ်က လျှော့ပေါ့ပေးခဲ့မှုကို နန်းတော်ပြန်တမ်း၌ အတည်ပြုထားသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် ဝန်ကြီးချုပ်တစ်ဦးအဖြစ် တိုင်းပြည်နှင့်ပြည်သူအပေါ် အကျိုးပြုခဲ့ပြီး ထိုင်းဘုရင်စနစ်အပေါ် သစ္စာမြဲခဲ့သူဖြစ်ကြောင်း နန်းတော်ပြန်တမ်း၌ ဖော်ပြထားသည်။

ထိုင်း ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် ပြည်ပ၌ပြည်ပြေးအဖြစ် ၁၅ နှစ်ကြာ နေထိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် ပြည်ပသို့ ၁၅ နှစ်ကြာရောက်ရှိနေခဲ့သော်လည်း ထိုင်းနိုင်ငံရေးလောကအပေါ် ဩဇာလွှမ်းမိုး ထားနိုင်ဆဲဖြစ်ကြောင်း သိရသည်။ KKO



## ရုရှားနိုင်ငံ၏ရပ်တည်ချက်သဘောထားကို ထင်ဟပ်ခြင်းမရှိပါက ဂျီ ၂၀ နောက်ဆုံးကြေညာချက်ကို ပိတ်ပင်မည်

**မော်စကို စက်တင်ဘာ ၁**

ယူကရိန်း ပြဿနာသာမက အခြားပြဿနာများနှင့်ပတ်သက်၍ ရုရှားနိုင်ငံ၏ရပ်တည်ချက်သဘောထားကို ထင်ဟပ်ခဲ့ခြင်းမရှိပါက ဂျီ ၂၀ ထိပ်သီးညီလာခံ နောက်ဆုံးကြေညာချက်ကို ရုရှားနိုင်ငံက ပိတ်ပင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးညီလာခံ နောက်ဆုံးကြေညာချက်သည် ရုရှား၏ သဘောထားရပ်တည်ချက်ကို ထင်ဟပ်မှုမရှိပါက အဆိုပါကြေညာချက်ကို ပိတ်ပင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ယနေ့တွင် ပြောကြားခဲ့သည်။

ဂျီ ၂၀ ထိပ်သီးညီလာခံနောက်ဆုံးကြေညာချက်ကို ရုရှားနိုင်ငံက ပိတ်ပင်ခဲ့ပါက ကျန်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားဝင်လိုက်နာရန်မလိုသော ကြေညာချက်မျိုးကိုသာ ထုတ်ပြန်နိုင်မည်ဖြစ်သည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဘရော့ဗ်သည် စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးညီလာခံ၌ ရုရှားသမ္မတပူတင်ကိုကိုယ်စားပြု တက်ရောက်မည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်းနှင့် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခကို အနောက်အုပ်စုနှင့် ရင်ဆိုင်နေရသည့် သေရေးရှင်ရေးပဋိပက္ခအဖြစ် သတ်မှတ်ရှုမြင်ထားသည်။

ယူကရိန်းပြဿနာနှင့်ပတ်သက်၍ ဂျီ ၂၀ အုပ်စုဝင်နိုင်ငံများအကြား သဘောထားအမြင်များ ကွဲပြားနေကြဆဲဖြစ်ကြောင်း သိရသည်။ KKO

## တောင်ကိုရီးယားနိုင်ငံက ပြည်ပအိမ်အကူ အလုပ်သမားဦးရေ ၁၀၀ ခေါ် ယူမည်

**ဆိုးလ် စက်တင်ဘာ ၁**

လူဦးရေပြဿနာ ဖြေရှင်းရေး ရွေ့ပြေးလုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် ပြည်ပအိမ်အကူအလုပ်သမား ဦးရေ ၁၀၀ ခေါ်ယူမည့် ဆိုးလ်မြို့တော်၏အစီအစဉ်ကို တောင်ကိုရီးယားအစိုးရက ယနေ့တွင် အတည်ပြုပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမျိုးသမီးများ လုပ်ငန်းခွင်သို့ ပိုမိုပြန်လည် ဝင်ရောက်နိုင်စေရန် ကူညီခြင်းဖြင့် ပြည်တွင်းကလေးမွေးဖွားမှုနှုန်းကို မြှင့်တင်ရေး ရည်ရွယ်ချက်ဖြင့် ပြည်ပအိမ်အကူအလုပ်သမား ဦးရေ ၁၀၀ ခေါ်ယူရန် ဆိုးလ်မြို့တော်တာဝန်ရှိသူများက စီစဉ်ထားခြင်းဖြစ်သည်။

ပြည်ပအိမ်အကူအလုပ်သမားများသည် တောင်ကိုရီးယားလူအဖွဲ့အစည်း ပြန်လည်အားကောင်းလာစေရန် ကူညီပေးနိုင်ကြောင်း ဆိုးလ်မြို့တော်ဝန် အိုဆီဟွန်းက ပြောကြားထားသည်။

တောင်ကိုရီးယား နိုင်ငံသည် ပြည်တွင်း ကလေးမွေးဖွားမှုနှုန်းကျဆင်းမှုပြဿနာ၊ သက်ကြီးလူဦးရေ မြင့်တက်မှု ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

လက်ရှိအချိန်တွင် ဆိုးလ်မြို့တော်တာဝန်ရှိသူများသည် ပြည်ပအိမ်အကူအလုပ်သမားများခေါ်ယူရေးအတွက် ဖိလစ်ပိုင်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် သမိုင်းကြောင်းအရ ပြည်ပမှဝင်ရောက်လာသူများကို လက်ခံရန် တုံ့ဆိုင်းနေတတ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။ KKO

## ယခုနှစ် နိုဘယ်လ်ဆုပေးပွဲ ညစာစားပွဲများသို့ ရုရှားနှင့် ဘီလာရုစ်သံအမတ်ကြီးများကိုဖိတ်ကြားထား

**စတော့ဟုမ်း စက်တင်ဘာ ၁**

ယခုနှစ် နိုဘယ်လ်ဆုပေးပွဲများ၏ ညစာစားပွဲများသို့ တက်ရောက်ရန် နိုဘယ်လ်ဖောင်ဒေးရှင်းက ရုရှားနှင့် ဘီလာရုစ်သံအမတ်ကြီးများကို ဖိတ်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၃၁ ရက်တွင် ဖော်ပြခဲ့သည်။



နိုဘယ်လ်ဖောင်ဒေးရှင်းသည် ပြီးခဲ့သည့်နှစ်က ယူကရိန်းပြဿနာကိုအကြောင်းပြု၍ နိုဘယ်လ်ဆုပေးပွဲ ညစာစားပွဲများတက်ရောက်ရန် ရုရှားနှင့် ဘီလာရုစ်သံအမတ်ကြီးများကို ဖိတ်ကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

သို့ရာတွင် ယခုနှစ် နိုဘယ်လ်ဆုပေးပွဲ ညစာစားပွဲများသို့ တက်ရောက်ရေးအတွက် ဆွီဒင်နှင့် နော်ဝေနိုင်ငံတို့၌ ကိုယ်စားပြုရှိနေသော သံအမတ်ကြီးအားလုံးကို ဖိတ်ကြားမည်ဖြစ်ကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းအခြေစိုက် နိုဘယ်လ်ဖောင်ဒေးရှင်းက သတင်းထုတ်ပြန်ထားသည်။

နိုဘယ်လ်ဆု ခြောက်ဆုအနက် ငါးဆုကို ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ချီးမြှင့်လေ့ရှိပြီး ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို နော်ဝေနိုင်ငံ အော့စလိုမြို့၌ ချီးမြှင့်ပေးလေ့ရှိသည်။

ယခုနှစ် နိုဘယ်လ်ဆုရှင်များစာရင်းကို သက်ဆိုင်ရာနိုဘယ်လ်ဆုရွေးချယ်ရေး ကော်မတီများက အောက်တိုဘာလ အစောပိုင်းတွင် ကြေညာမည်ဖြစ်သည်။

အဆိုပါ ဆုပေးပွဲများကို နိုဘယ်လ်ဆုများ စတင်ပေးအပ်ခဲ့သည့် အဲဖရက်နိုဘယ်လ်ကွယ်လွန်ခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပလေ့ရှိကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်း လွှတ်တင်ခဲ့



ဝါရှင်တန် စက်တင်ဘာ ၁

အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို ဩဂုတ် ၃၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံထိပ်ဖူး အဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု အစင်းပေါင်း ၅၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်သည်။

ထို့ပြင် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်ကွန်ရက်အတွက် ဂြိုဟ်တု အစင်းပေါင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

KKO

## ရုရှားနိုင်ငံ၏ လူနာ-၂၅ လဆင်းယာဉ်ပျက်ကျခဲ့သောနေရာကို နာဆာ၏ လကမ္ဘာကင်းထောက်အာကာသယာဉ်က ရှာဖွေတွေ့ရှိထား

မော်စကို စက်တင်ဘာ ၁

ရုရှားနိုင်ငံ၏ လူနာ-၂၅ လဆင်းယာဉ် ပျက်ကျခဲ့သောနေရာကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လကမ္ဘာကင်းထောက် အာကာသယာဉ် (LRO) က ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

ရုရှားနိုင်ငံက လွှတ်တင်ထားသော လူနာ-၂၅ လဆင်းယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေသို့ ဆင်းသက်ရန်ကြိုးစားနေစဉ်ကာလအတွင်း ဩဂုတ် ၁၉ ရက်တွင် လမျက်နှာပြင်ပေါ် ပျက်ကျခဲ့ရသည်။

အဆိုပါလဆင်းယာဉ်ပျက်ကျမှုကြောင့် ပေါ်ထွက်လာသည့် ဥက္ကာချိုင့်ဝှမ်းနေရာသစ်ကို LRO လကမ္ဘာကင်းထောက် အာကာသယာဉ်



က ပြီးခဲ့သည့် သီတင်းပတ်အတွင်း တွေ့ထားဖွယ်ရှိကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

လူနာ-၂၅ လဆင်းယာဉ် ပျက်ကျခဲ့ဖွယ်ရှိသည့်နယ်မြေ၌ လောလတ်လတ် ပေါ်ထွက်လာသည့် ဥက္ကာချိုင့်ဝှမ်းသစ်ကို LRO အာကာသယာဉ်က ဓာတ်ပုံရိုက်ကူးထားနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းဥက္ကာချိုင့်ဝှမ်းသစ်သည် လူနာ-၂၅ ပျက်ကျခဲ့ဖွယ်ရှိသည့် ခန့်မှန်းနေရာအနီးမှာပင် ပေါ်ထွက်နေခြင်းဖြစ်ရာ လူနာ-၂၅ ပျက်ကျမှုကြောင့် ပေါ်ထွက်လာသည့်ဥက္ကာချိုင့်ဝှမ်းဖြစ်နိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

လူနာ-၂၅ လဆင်းယာဉ်သည် ရုရှားနိုင်ငံအတွက် ၄၇ နှစ်တာကာလအတွင်း ပထမဆုံးလဆင်းယာဉ်ဖြစ်ကြောင်းသိရသည်။ KKO

## နာဆာ၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တုက တစ်နှစ်တာကာလ အရှည်လျားဆုံး နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိထား

ဝါရှင်တန် စက်တင်ဘာ ၁

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တုသည် တစ်နှစ်တာကာလ အရှည်လျားဆုံး နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

TOI-4600 c ဟူ၍ အမည်ပေးထားသည့် အဆိုပါဓာတ်ငွေ့ဂြိုဟ်သစ် မိခင်ကြယ်ကို ၄၈၂ ဒသမ ၈၂ ရက်လျှင် တစ်ပတ်ကျလှည့်ပတ်နေကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

TOI-4600 c ဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၈၁၅ နှစ်ခန့်အကွာတွင်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါဂြိုဟ်၏မျက်နှာပြင်အပူချိန်မှာ အနုတ် ၁၁၀ ဒီဂရီဖယ်ရင်ဟိုက်ထိရှိရာ ရှာဖွေတွေ့ရှိဖူးသမျှ အအေးမြဆုံးဂြိုဟ်များထဲတွင်လည်းပါဝင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

TOI-4600 c ဂြိုဟ်ထက် တစ်နှစ်တာကာလ ပိုကြာညောင်းကြောင်း အတည်ပြုထားနိုင်သည့် ဂြိုဟ်နှစ်စင်းရှိရာ တစ်စင်းမှာ ကတ်ပလာ ၄၁၂ ဘီ ဂြိုဟ်ဖြစ်ပြီး မိခင်ကြယ်ကို နှစ်နှစ်လျှင်တစ်ပတ်ကျ လှည့်ပတ်လျက်ရှိသည်။

ကျန်ဂြိုဟ်တစ်စင်းမှာ GU PSc b အမည်ရှိ ဂြိုဟ်ဖြစ်ပြီး မိခင်ကြယ်ကို နှစ်ပေါင်း ၈၀၀၀၀ လျှင်တစ်ကြိမ်ကျ လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

KKO

# HEALTH

## စိတ်ဖိအားဝင်ရောက်မှုနှင့် အိပ်ရေးမဝမှုတို့ကြောင့် ဓမ္မတာရာသီကုန်ဆုံးပြီးသူ အမျိုးသမီးများ နှလုံးခုန်နှုန်းမမှန်မှုနှင့် ရင်ဆိုင်ကြရ

နယူးယောက် စက်တင်ဘာ ၁

စိတ်ဖိအား ဝင်ရောက်မှုနှင့် အိပ်ရေးမဝမှုတို့ကြောင့် ဓမ္မတာရာသီကုန်ဆုံးပြီးသူ အမျိုးသမီးများ အနက် လေးပုံတစ်ပုံမှာ နှလုံးခုန်နှုန်းမမှန်မှုပြဿနာ (Atrial Pibrillation) နှင့်ရင်ဆိုင်နေကြရဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက ဩဂုတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသမီးပေါင်း ၈၃၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အသက် ၅၀ နှင့် ၇၉ နှစ်ကြား အမျိုးသမီးလေးဦးလျှင် တစ်ဦးမှာစိတ်ဖိအားနှင့် အိပ်ရေးမဝမှုတို့ကြောင့် နှလုံးခုန်နှုန်းမမှန်မှုပြဿနာတို့နှင့်ရင်ဆိုင် ကြရသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ နှလုံးခုန်နှုန်းမမှန်မှုပြဿနာကြောင့် ၎င်းအမျိုးသမီးများသည် လေဖြတ်နိုင်ခြေနှင့် နှလုံးရှုတ်တရက်ဖောက်နိုင်ခြေတို့ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိပ်မပျော်မှုပြဿနာ (Jn-somnia) ရှိသူ အမျိုးသမီးများတွင် နှလုံးခုန်နှုန်း မမှန်မှုပြဿနာပေါ်လာနိုင်ခြေ ပုံမှန်ထက် လေးရာခိုင်နှုန်းပိုမြင့်မားပြီး စိတ်ဖိစီးမှုပြဿနာရှိသူများတွင်မူ နှစ်ရာခိုင်နှုန်းပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးခုန်နှုန်း မမှန်မှုပြဿနာသည် သာမန်အားဖြင့် သက်ကြီးပိုင်းများတွင်ဖြစ်ပွားတတ်ပြီး ၎င်းပြဿနာကြောင့် သွေးကြောများအတွင်း သွေးခဲများပေါ်လာမှု၊ လေ ဖြတ်မှုနှင့်နှလုံးဖောက်မှုတို့ ဖြစ်ပွား တတ်ကြောင်း သိရသည်။

KKO

## မျက်စဉ်းဆေးသစ်တစ်မျိုးက မျက်စိအမြင်အာရုံ ဆုံးရှုံးနိုင်မှုကို တားဆီးပေးနိုင်ဖွယ်ရှိ

ပဲရစ် စက်တင်ဘာ ၁

ချက်ကြိုးများအတွင်း တွေ့ရတတ်သည့် ဇီဝအဆီပျစ်တစ်မျိုးဖြင့် ပြုလုပ်ထားသော မျက်စဉ်းဆေးသစ်တစ်မျိုးသည် မျက်စိအမြင်အာရုံ ဆုံးရှုံးနိုင်မှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ မျက်စဉ်းဆေးသစ်သည် Chronic Keratitis ခေါ် မျက်ကြည်လွှာရောင်ရမ်းမှုပြဿနာကို ကုသနိုင်မှု ရှိ၊ မရှိ ဖော်ထုတ်အတည်ပြုရေးအတွက် လက်ရှိအချိန်တွင် ပြင်သစ်နိုင်ငံ ဆေးရုံခြောက်ရုံ၌ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်သည်။

Chronic Keratitis မျက်ကြည်လွှာရောင်ရမ်းမှုရောဂါသည် မျက်လုံးပိုးဝင်မှု၊ မျက်ကပ်မှန်ကာလကြာရှည်စွာ တပ်ထားမှုတို့ကြောင့် ဖြစ်ပွားတတ်သည်။

၎င်းရောဂါသည် သာမန်အားဖြင့် အဖြစ်နည်းသော်လည်း မျက်ကြည်လွှာပျက်စီး၍ ရက်ပိုင်းအတွင်း အမြင်အာရုံ ဆုံးရှုံးသွားနိုင်သည့် ရောဂါမျိုးဖြစ်သည်။

သို့ရာတွင် Wharton's Jelly ခေါ် ဇီဝအဆီပျစ်တစ်မျိုးသည် Chronic Keratitis ရောဂါကို ကုသပေးနိုင်ဖွယ်ရှိကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

Wharton's Jelly တွင် ကိုယ်ခန္ဓာအတွင်းရှိ မည်သည့်တစ်ရှူးပုံစံမျိုးသို့မဆို ပြောင်းလဲနိုင်သည့် ပင်မဆဲလ်များ (Stem Cell)ပေါ်များကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်များ

ML

**ပဲလေ့စ် Vs ဝုဖ်**

**ကစားမည့်ရက်/အချိန် ၃-၉-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဖ် ၂ – ၀ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ပဲလေ့စ် – အိမ်(ရှုံး) ဧည့်(သရေ) ဧည့်(နိုင်)**

**ဝုဖ် – အိမ်(ရှုံး) ဧည့်(နိုင်) အိမ်(နိုင်)**

ပဲလေ့စ်အသင်းဟာ နည်းပြဟော့ဆန်လက်ထက်မှာ အသင်းလိုက် ကစားအားကောင်းနေတာကြောင့် ခြေရည်တူအသင်းတွေဆို ပွဲချိန်ပြည့် ဖိအားပေးပြီး နိုင်ပွဲရယူခဲ့တာကိုတွေ့ရမှာပါ။ ဝုဖ်အသင်းကတော့ ပြီးခဲ့တဲ့ အဝေးကွင်းမှာ အဲဗာတန်ကိုအနိုင်ရခဲ့ပေမဲ့ ခြေစွမ်းပိုင်းကထင်သလောက် မဟုတ်တာကြောင့် အခုပွဲစဉ်မှာ ပဲလေ့စ်အသင်းရဲ့တိုက်စစ်ကိုထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ရှင်ပဲလေ့စ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ပဲလေ့စ် ၂ – ၁ ဝုဖ်**

**လီဗာပူး Vs အေဗီလာ**

**ကစားမည့်ရက်/အချိန် ၃-၉-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လီဗာပူး ၁ – ၁ အေဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**လီဗာပူး – ဧည့်(သရေ) အိမ်(နိုင်) ဧည့်(နိုင်)**

**အေဗီလာ – ဧည့်(နိုင်) ဧည့်(နိုင်) အိမ်(နိုင်)**

လီဗာပူးအသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ ကွင်းလယ်ပိုင်း ဖြည့်တင်းမှုပြုလုပ်ခဲ့ပြီးနောက်ပိုင်း ကစားပုံတိုးတက်လာတာကြောင့် တိုက်စစ်ပိုင်းထက်မြက်လာတာကိုတွေ့ရမှာပါ။ အေဗီလာအသင်းကတော့ တိုက်စစ်ကစားအားကောင်းပေမဲ့ အဝေးကွင်းခံစစ်ပိုင်းက လိုအပ်ချက်ရှိနေ သေးတာကြောင့် အခုပွဲစဉ်မှာရှုန်းကန်ရမှာပါ။ ဒါကြောင့် နောက်ထပ် နိုင်ပွဲရှာဖွေလာမဲ့ လီဗာပူးကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လီဗာပူး ၂ – ၀ အေဗီလာ**

## အီတလီစီးရီးအေ ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်

ML

**တိုရီနို Vs ဂျိနိုအာ**

**ကစားမည့်ရက်/အချိန် ၃-၉-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျိနိုအာ ၁ – ၀ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**တိုရီနို – အိမ်(နိုင်) အိမ်(သရေ) ဧည့်(ရှုံး)**

**ဂျိနိုအာ – အိမ်(နိုင်) အိမ်(ရှုံး) ဧည့်(နိုင်)**

စီးရီးအေမှာနိုင်ပွဲမရသေးတဲ့ တိုရီနိုဟာ အခုလို ကစားသမားစုဖွဲ့မှု အားနည်းတဲ့အသင်းနဲ့တွေ့ချိန်မှာ ရမှတ်ပြည့်ရယူဖို့ ပြင်ဆင်လာမှာ သေချာပါတယ်။ ဂျိနိုအာအသင်းကလဲ ပြီးခဲ့တဲ့ပွဲစဉ်မှာ လာဇီယိုကိုအနိုင် ကစားခဲ့ပေမဲ့ အိမ်ကွင်းကစားအားကောင်းတဲ့ တိုရီနိုကိုတော့ မရှုံးနိမ့်ရေး အတွက်သာကစားရမှာပါ။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာဖို့ကြိုးစားလာမဲ့ တိုရီနိုနဲ့ လက်တွဲသွားရမှာပါ။

**အင်တာနက်ခန့်မှန်း – တိုရီနို ၁ – ၀ ဂျိနိုအာ**

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက ဖီအိုရင်တီးနားအသင်းမှ အမ်မရာဘတ်ကို တစ်ရာသီအငှားစာချုပ်အပြင် အပြီးသတ်ခေါ်ယူခွင့် အချက် ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- တိုက်စစ်မှူး ဂျာအိုဖီးလစ်အနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရေးဆွေးနွေးမှုပြုလုပ်ရန်အတွက် အေတီကိုအသင်း ၏ လေ့ကျင့်ရေးအစီအစဉ်ကို ပျက်ကွက်ခဲ့ကြောင်း အသင်း တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

ML

# ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုမဲခွဲမှုများအရ လီဗာပူးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ နောက်တစ်ဆင့်တက်ရောက်ရန် အလားအလာကောင်းနေ




**လန်ဒန် စက်တင်ဘာ ၁**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုမဲခွဲမှုအပြီး တွင် ပရီးမီးယားလိဂ်ထိပ်သီး လီဗာပူးအသင်းနှင့် ဝက်စ်ဟမ်း အသင်းတို့ နောက်တစ်ဆင့်တက် ရောက်ရန် အလားအလာကောင်း မွန်နေသော်လည်း ဘရိုက်တန် အသင်းအနေဖြင့် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့ကြောင်း UEFA.Com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ဘရိုက်တန်အသင်းနှင့် လီဗာပူး အသင်းတို့သည် ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် အဆင့်(၅)နှင့် (၆)နေရာ တို့တွင် ရပ်တည်ခဲ့ကြသည့်အတွက် ယူရိုပါလိဂ်ပြိုင်ပွဲကို တိုက်ရိုက် ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ဝက်စ်ဟမ်း အသင်းသည် ယူရိုပါကွန်ဖရန့်လိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ သည့်အတွက် တိုက်ရိုက်ဝင်ခွင့်ရရှိ ခဲ့ခြင်းဖြစ်သည်။

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲ မဲခွဲမှုအပြီး အုပ်စု(A)တွင် ဝက်စ်ဟမ်းအသင်း၊ အိုလံပီယာကို့စ်အသင်း၊ ဖရိုင်းဘတ် အသင်း၊ ဘက်ကာတိုပိုလာအသင်း၊ အုပ်စု(B)တွင် အေဂျက်အသင်း၊ မာလ်ဆေးအသင်း၊ ဘရိုက်တန် အသင်းနှင့် အေအီးကေအေသင် အသင်း၊ အုပ်စု(C)တွင် ရိန်းဂျား အသင်း၊ ဘက်တစ်အသင်း၊ စပါ တာပရပ်အသင်း၊ လီမာဆိုးအသင်း၊ အုပ်စု(D)တွင် အတ္တလန်တာ အသင်း၊ စပို့တင်းလစ္စဘွန်းအသင်း၊ စတန်းဂရက်အသင်းနှင့် ရာကော အသင်းတို့ ကျရောက်ခဲ့သည်။

အလားတူ အုပ်စု(E)တွင် လီဗာပူးအသင်း၊ LASK အသင်း၊ ယူနီယံစိန့်ဂျီလိုစီအသင်း၊ တူးလော့စ် အသင်း၊ အုပ်စု(F)တွင် ဗီလာ ရီးရဲလ်အသင်း၊ ရင်းနက်စ်အသင်း၊ မက္ကာဘီဟိုင်ဖာအသင်း၊ ပါနာသီ နိုင်ကို့စ်အသင်း၊ အုပ်စု(G)တွင် ရိုးမားအသင်း၊ ဆလားဗီးယားပရပ် အသင်း၊ ရှရစ်အသင်း၊ ဆာဗာတီ အသင်း၊ အုပ်စု(H)တွင် လေဗာ ကူဆင်အသင်း၊ ကွာရာဘတ် အသင်း၊ မိုဒီအသင်းနှင့်ဟာကန် အသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြပြီး အုပ်စုပွဲစဉ်များ ကို လာမည့်စက်တင်ဘာ ၂၁ ရက် တွင် စတင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။

STA

# လိုင်ယွန်တိုက်စစ်မှူး ဘာကိုလာကို ယူရို ၄၅ သန်းဖြင့် ပီအက်စ်ဂျီအသင်းခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်




**ပဲရစ် စက်တင်ဘာ ၁**

ပီအက်စ်ဂျီ အသင်းသည် လိုင်ယွန်အသင်းတွင် ခြေစွမ်းပြ ကစားနေသည့် လူငယ်တိုက်စစ်မှူး ဘာကိုလာကို ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Be-soccer.com က ယနေ့တွင် ဖော်ပြ ခဲ့သည်။

ဘာကိုလာသည် ၂၀၂၁ ခုနှစ် တွင် လိုင်ယွန်လူငယ်အသင်းမှ အသင်းကြီးသို့ရောက်ရှိခဲ့ပြီး အသင်း နှင့်အတူ ပြိုင်ပွဲစုံ ၄၇ ပွဲပါဝင်ခဲ့ရာ တွင် သွင်းဂိုးခုနစ်ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ဥရောပတွင် အကောင်းဆုံး လူငယ်ကစားသမား များထဲတွင် ပါဝင်ခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းက အနာဂတ်စီမံ ကိန်းအတွက် ဘာကိုလာကိုပြောင်း ရွှေ့ကြေးယူရို ၄၅ သန်းနှင့် အပို ဆုကြေး ငါးသန်းပါဝင်သည့် ကမ်းလှမ်းချက်ဖြင့် ကမ်းလှမ်း၍ ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ ကြောင်း သိရသည်။

တိုက်စစ်မှူး ဘာကိုလာက "အခုလို ဥရောပထိပ်သီးကလပ် အသင်းတစ်သင်းကို ပြောင်းရွှေ့ ခွင့်ရလို့ ပျော်ရွှင်မိပါတယ်။ ပီအက်စ်ဂျီအသင်းဟာ ဥရောပရဲ့ အဓိကပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင် နေတဲ့အသင်းဖြစ်သလို ရည်မှန်း ချက်ကြီးမားတဲ့ အသင်းလဲဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ပီအက်စ်ဂျီ အသင်းကို ပြောင်းရွှေ့ဖို့အတွက် ရက်သတ္တပတ်များစွာ ကြာခဲ့ရပါ တယ်။ လက်ရှိမှာတော့ ပြောင်းရွှေ့ ခွင့်ရခဲ့တာကြောင့် ကျွန်တော် အသင်းအတွက် တတ်စွမ်းသမျှ ပေးဆပ်သွားမှာပါ"ဟု ပြောကြား ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလ တွင် ကစားသမားခေါ်ယူမှုအတွက် ရင်နှီးမြှုပ်နှံမှု ယူရို ၂၅၀ ဒသမ ၅ သန်းပြုလုပ်ခဲ့ပြီး စကာရင်နေယား၊ အဆန်စီယို၊ ကန်အင်းလီ၊ လူးကပ် ဟာနန်ဒက်စ်၊ ဇာဗီဆိုင်မွန်၊ ဒမ်ဘီလီ၊ ဘာကိုလာတို့ကိုခေါ်ယူခဲ့ပြီး အဓိက တိုက်စစ်မှူးများဖြစ်သည့် နေမာ နှင့် မက်ဆီတို့ကိုလက်လွှတ်ခဲ့ရ ကြောင်း သိရသည်။

ML

# US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အယ်ကာရက်ဇ်နှင့် မျက်ဒဗျက်တို့ တက်ရောက်

**နယူးယောက် စက်တင်ဘာ ၁**

အမေရိကန်နိုင်ငံ နယူးယောက် မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစား သမားအယ်ကာရက်ဇ်နှင့် တောင် အာဖရိက ဂေါက်သီးရိုက်ကစား သမားဟာရစ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၃၊ ၆-၁၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယ အဆင့်သို့ တက်ရောက်ခဲ့ကြောင်း TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ဂျိုကိုဗစ် နှင့်အတူ ချန်ပီယံဆုကိုဆွတ်ခူးနိုင် ရန် ရေပန်းစားနေသည့်ကစားသမား တစ်ဦးဖြစ်ပြီး ပထမအဆင့်နှင့် ဒုတိယအဆင့်ပွဲစဉ်တို့တွင် လက်စွမ်း ကောင်းများပြသထားလျက်ရှိသကဲ့သို့ ယခု ဟာရစ်နှင့် ပွဲစဉ်တွင်လည်း ပထမပွဲငယ်နှင့်ဒုတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရ ခဲ့ပြီး တတိယပွဲငယ်တစ်ပွဲတည်း၌သာ ခက်ခက်ခဲခဲကစားခဲ့ရသည်။

အယ်ကာရက်ဇ်သည် တတိယ အဆင့်တွင် ဗြိတိန်တင်းနစ်ကစား သမားဒန်အီဗန်နှင့် ယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။

ထို့ပြင် ရုရှားတင်းနစ်ကစား သမား မျက်ဒဗျက်သည်လည်း ဒုတိယအဆင့်တွင် ဩစတြေးလျ တင်းနစ်ကစားသမားအိုကွန်နယ်လ် နှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး မျက်ဒဗျက် က (၆-၂၊ ၆-၂၊ ၆-၇၊ ၆-၂) ရလဒ် ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး တတိယ အဆင့်တွင် အာဂျင်တီးနားတင်းနစ် ကစားသမား ဘိုင်ယက်ဇ်နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

AZL

# ဥရောပတစ်နှစ်တာအကောင်းဆုံးအမျိုးသားကစားသမားဆုကို မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းဆွတ်ခူး

**လန်ဒန် စက်တင်ဘာ ၁**



၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ဥရောပတစ်နှစ်တာအကောင်းဆုံး အမျိုးသား ကစားသမားဆုကို မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းက ဒီဘရိုင်းနှင့် မက်ဆီတို့ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ကြောင်း 90Min သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပတစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ဟာလန်းသည် အသင်းဖော် ဒီဘရိုင်းနှင့်လက်ရှိ အင်တာမီယာမီအသင်းတိုက်စစ်မှူး မက်ဆီတို့နှင့်အတူ ပါဝင်လာခဲ့ပြီး မန်စီးတီးအသင်းကို ပြီးခဲ့သည့် ဘောလုံးရာသီက တစ်ရာသီအတွင်း သမိုင်းဝင် အဓိကဆုဖလားသုံးလုံးဖြစ်သည့် အက်ဖ်အေဖလား၊ ပရီးမီးယားလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သည့် ဟာလန်းက ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟာလန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်စီးတီးအသင်းနှင့်အတူ အဓိကဆုဖလား သုံးလုံးဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၆ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး တစ်ရာသီသွင်းဂိုးအများဆုံး ကစားသမားအဖြစ် စံချိန်သစ် တင်နိုင်ခဲ့သကဲ့သို့ ပြိုင်ပွဲစုံ ၅၂ ဂိုးထိသွင်းယူနိုင်ခဲ့ကာ ဥရောပသွင်းဂိုးအများဆုံး ကစားသမားအဖြစ်ပါ ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဥရောပတစ်နှစ်တာ အကောင်းဆုံးဆုပေးပွဲ အခမ်းအနားတွင် အခြားဆုများအဖြစ် ဥရောပတစ်နှစ်တာအကောင်းဆုံးအမျိုးသမီးကစားသမားဆုကိုလည်း စပိန်အမျိုးသမီးအသင်းနှင့်အတူ အမျိုးသမီးကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ဘွန်မာတီက ရရှိခဲ့သည်။

ထို့ပြင် အခြားဆုများအဖြစ် ဥရောပတစ်နှစ်တာ အကောင်းဆုံး အမျိုးသားနည်းပြဆုကို မန်စီးတီး အသင်းကို အဓိကဆုဖလားသုံးလုံး ဆွတ်ခူးပေးနိုင်ခဲ့သည့် နည်းပြ ဂွါဒီယိုလာကလည်းကောင်း၊ ဥရောပတစ်နှစ်တာအကောင်းဆုံးအမျိုးသမီး နည်းပြဆုကို အင်္ဂလန်အမျိုးသမီး အသင်းနည်းပြ ဝိုက်မန်းနှင့်ဥရောပ အဖွဲ့ချုပ်ဥက္ကဋ္ဌအထူးဆုကို ဂျာမနီ အသင်းကစားသမားဟောင်း ကလိုဆေးတို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ STA

# Omega European Masters
## အမှတ်ပေးဇယားကို ပြိုင်ပွဲဝင် ခြောက်ဦးပူးတွဲဦးဆောင်

**မွန်တာနာ စက်တင်ဘာ ၁**

ဆွစ်ဇာလန်နိုင်ငံ ကရန်-မွန်တာနာမြို့တွင် ကျင်းပနေသည့် Omega European Masters ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဖစ်ဇ်ပက်ထရစ်နှင့် ပက်ပါရယ်၊ ဂျပန်ဂေါက်သီးရိုက်ကစားသမား ကာဝါမူရာ၊ စပိန်ဂေါက်သီးရိုက်ကစားသမားအယ်လ်ဗီရာ၊ ဒိန်းမတ်ဂေါက်သီးရိုက် ကစားသမားအဇီဆင်၊ မလေးရှားဂေါက်သီးရိုက်ကစားသမား ဂါဗင်ဂရင်းတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် စကော့တလန်ဂေါက်သီးရိုက်ကစားသမားဂျာမီဆင်၊ ဆွီဒင်ဂေါက်သီးရိုက်ကစားသမားအဘက်နှင့် ဂျာမနီဂေါက်သီးရိုက်ကစားသမားယန်နစ်ပေါလ်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဖစ်ဇ်ပက်ထရစ်အနေဖြင့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်း၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် Omega European Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်လိုအပ်နေပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်မှသာ ဥရောပအသင်းတွင် အသင်းသားအဖြစ်အလိုအလျောက်ရွေးချယ်ခံရမည့်နေရာကို တက်ရောက်နိုင်မည်လည်းဖြစ်သည်။

ဖစ်ဇ်ပက်ထရစ်က "ပထမနေ့မှာ ကစားထားနိုင်တဲ့ပုံစံဟာ အားရကျေနပ်စရာ ကောင်းပါတယ်။ တစ်ရက်လုံးမှာစိတ်တိုင်းမကျတဲ့ ရိုက်ချက် နှစ်ချက်ပဲရှိခဲ့တယ်။ ကျန်တဲ့ရိုက်ချက်တွေက တော်တော်လေးကို အားရကျေနပ်စရာကောင်းခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၅၀)အတွင်း ဝင်ရောက်နိုင်ခဲ့သည့် ပထမဆုံးမြန်မာကြက်တောင်မယ်အဖြစ် သက်ထားသူဇာ မှတ်တမ်းဝင်

**ရန်ကုန် စက်တင်ဘာ ၁**

ကမ္ဘာ့ကြက်တောင် အဖွဲ့ချုပ် (BWF)က ဩဂုတ်လ နောက်ဆုံးရက်သတ္တပတ်အတွက်ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကို ထုတ်ပြန်ကြေညာခဲ့ရာတွင် သက်ထားသူဇာက ကမ္ဘာ့အဆင့်(၄၈)နေရာထိ တက်ရောက်နိုင်ခဲ့ပြီးနောက် ကြက်တောင်လောကတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၅၀)နေရာ ဝင်ရောက်နိုင်ခဲ့သည့် ပထမဆုံးမြန်မာကြက်တောင်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း BWF.com သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

သက်ထားသူဇာသည် အစောပိုင်းက ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၆၀ တွင် ရပ်တည်နေသော်လည်း ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)က ဩဂုတ်လနောက်ဆုံးရက်သတ္တပတ်အတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကို ထုတ်ပြန်ကြေညာခဲ့ရာတွင် ကမ္ဘာ့အဆင့် ၁၃ ဆင့်ထိ မြင့်တက်လာခဲ့ပြီးနောက် ကမ္ဘာ့အဆင့် ၄၈ နေရာထိ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ယခုလအတွင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ကျင်းပခဲ့သည့် Total Energies BWF World Championship ကြက်တောင်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရလဒ်ကောင်းများရရှိခဲ့ပြီး ထိပ်တန်းကြက်တောင်မယ်များဖြစ်ကြသည့် မက္ကဆီကိုကြက်တောင်မယ် ဟာယာမာရာဂိုတန်ကို အနိုင်ရရှိခဲ့သကဲ့သို့ ၁၆ ဦးရှုံးထွက်အဆင့်ထိတက်ရောက်နိုင်ခဲ့ကာ ၁၆ ဦးရှုံးထွက်အဆင့်တွင် ကမ္ဘာ့အဆင့်(၆)နေရာတွင် ရှိနေသည့် စပိန်ထိပ်တန်းကြက်တောင်မယ် မာရင်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်သည်။

သက်ထားသူဇာသည် နောက်ပိုင်းပွဲစဉ်များတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်း မရှိသေးသော်လည်း ပြိုင်ပွဲများတွင် ရလဒ်ကောင်းများ ရရှိခဲ့သောကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# ပြင်သစ်လီဂူး ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

STA

**လိုင်ယွန် Vs ပီအက်စ်ဂျီ**

**ကစားမည့်ရက်/အချိန် ၄-၉-၂၀၂၃ (နံနက် ၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပီအက်စ်ဂျီ ၀ - ၁ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုင်ယွန်** | - | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(သရေ)** |
| **ပီအက်စ်ဂျီ** | - | **အိမ်(သရေ)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးပြီး ခြေစွမ်းပိုင်းအကျဘက်ကိုရောက်နေတဲ့ လိုင်ယွန်အသင်းဟာ အခုပွဲစဉ်မှာ အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ ပီအက်စ်ဂျီအသင်းကို ရင်ဆိုင်ရမှာပါ။ ပီအက်စ်ဂျီအသင်းကလဲ အဝေးကွင်းဆိုပေမဲ့ လိုင်ယွန်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၁ - ၃ ပီအက်စ်ဂျီ**

# နော်တင်ဟမ်အသင်းက ခံစစ်ကစားသမား မူရီလိုကို စတာလင်ပေါင် ၁၅ သန်းဖြင့်ခေါ်ယူ



**လန်ဒန် စက်တင်ဘာ ၁**

နော်တင်ဟမ် အသင်းသည် ဘရာဇီးကလပ် ကိုရင်သီယန်အသင်း ခံစစ်ကစားသမား မူရီလိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့်ခေါ်ယူခဲ့ပြီး ငါးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း Tribalfootball.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ လူငယ်ကစားသမား မူရီလိုသည် ယခုနှစ်ဘောလုံးရာသီ ဘရာဇီးထိပ်တန်းလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ၁၃ ပွဲပါဝင်ကစားခဲ့ရာ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် နော်တင်ဟမ်အသင်းက အနာဂတ်အလားအလာကောင်းများရှိသည့် လူငယ်ကစားသမားကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့်ခေါ်ယူကာ ကာလရှည်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား မူရီလိုက "ပရီးမီးယားလိဂ်ပြိုင်ပွဲဟာ ကမ္ဘာ့ဘောလုံးလောကမှာ အကောင်းဆုံးပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ နော်တင်ဟမ်အသင်းကလဲ ပရိသတ်အားပေးမှုများပြားတဲ့ အသင်းတစ်သင်းဖြစ်တာကြောင့် ကျွန်တော့်အနေနဲ့ အသင်းနဲ့ပူးပေါင်းဖို့ မစောင့်နိုင်တော့ပါဘူး။ နော်တင်ဟမ်အသင်းကို ပြောင်းရွှေ့ခွင့်ရခဲ့လို့ စိတ်လှုပ်ရှားနေပါတယ်"ဟု ပြောကြားခဲ့သည်။

နော်တင်ဟမ် အသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ခံစစ်ကစားသမား အိန်နာ၊ တောင်ပံကစားသမား အယ်လန်ဂါ၊ ဂိုးသမား မက်တာနာ၊ ခံစစ်ကစားသမား မွန်တီရယ်၊ ကွင်းလယ်ကစားသမား ဆန်းတို့စ်၊ ခံစစ်ကစားသမား တာဗာရက်စ်တို့ကို ခေါ်ယူနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပွဲစဉ်သုံးပွဲကစားအပြီးတွင် တစ်ပွဲနိုင် နှစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁၄)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ML

# စပိန်လာလီဂါ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

STA

**အိုဆာဆူနာ Vs ဘာစီလိုနာ**

**ကစားမည့်ရက်/အချိန် ၄-၉-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘာစီလိုနာ ၁ - ၀ အိုဆာဆူနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အိုဆာဆူနာ** | - | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **ဝေး(သရေ)** |
| **ဘာစီလိုနာ** | - | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

အိုဆာဆူနာအသင်းအတွက် အိမ်ကွင်းဆိုပေမဲ့ လက်ရှိခြေစွမ်းနဲ့ သရေရလဒ်တောင်ရယူနိုင်ဖို့ခက်ခဲမှာပါ။ လက်ရှိဘာစီလိုနာအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုအပြည့်ရှိနေလို့ အဝေးကွင်းဆိုပေမဲ့ အိုဆာဆူနာအသင်းကိုအနိုင်ရယူဖို့ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - အိုဆာဆူနာ ၀ - ၂ ဘာစီလိုနာ**

# ကောင်းတဲ့အလုပ်တွေလုပ်ပြီး ကောင်းကျိုးခံစားနိုင်ကြပါစေ

**ကိုယဉ်ချစ် (မန္တလေး)**

စားဝတ်နေရေးနဲ့ဘဝတစ်ခုရပ်တည်နိုင်ဖို့အတွက် လူတိုင်းအလုပ်လုပ်ကြရပါတယ်။ ဘယ်သူမှအလုပ်နဲ့ကင်းလို့ မရပါ။ အလုပ်လုပ်မှ လုပ်အားတန်ဖိုးကို ခံစားရမယ်။ အဲဒီလုပ်အားတန်ဖိုးနဲ့ ဘဝကို တည်ဆောက်နေကြပါတယ်။

အရွယ်သုံးပါးဖြစ်တဲ့ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုတဲ့စကားအတိုင်း လူတိုင်းဟာအသက်အရွယ်အပိုင်းအခြားအလိုက် အလုပ်တွေလုပ်နေကြရပါတယ်။ ပညာသင်ကြရမဲ့အရွယ်မှာ ပညာကိုကြိုးစားသင်ယူမှ ထူးချွန်ထက်မြက်တဲ့ရလဒ်ကို ပိုင်ဆိုင်မယ်။ ဥစ္စာရှာရမဲ့အရွယ်မှာ သမ္မာအာဇီဝလဲကျ၊ ကိုယ့်အကျိုးလဲဖြစ်ထွန်း၊ သူတစ်ပါးအကျိုးကိုမထိခိုက်တဲ့ ကိုယ့်အကျိုးရော အများအကျိုးပါ အကျိုးဖြစ်မဲ့အလုပ်မျိုးတွေကို လုပ်ကိုင်ကြမှ နောက်ကြောင်းလုံတဲ့ ကြီးပွားချမ်းသာမှုကို ခံစားရပါမယ်။ တရားအားထုတ်ရမဲ့အရွယ်မှာလဲ စစ်မှန်တဲ့တရားထူးတရားမြတ်တွေကို ကျင့်ကြံအားထုတ်ကြမှ သံသရာထိ ကောင်းကျိုးတွေကိုခံစားရမှာပါပဲ။

ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ ရလာမဲ့အကျိုးကတော့ လုပ်လိုက်တဲ့အလုပ်အပေါ်မူတည်ပြီး အကောင်းနဲ့အဆိုး နှစ်မျိုးထဲက တစ်မျိုးကိုပဲ ခံစားရပါမယ်။ ကောင်းတဲ့ရလဒ်မျိုးတွေပိုင်ဆိုင်ဖို့ကတော့ လုပ်သင့်တာကိုလုပ်၊ မလုပ်သင့်တာကိုမလုပ်မိဖို့လိုပါတယ်။ လုပ်သင့်တာကို မလုပ်တာ၊ မလုပ်သင့်တာကိုလုပ်တာတွေက အစွန်းတရားပါ။ ဒီအစွန်းတရားတွေကို လွတ်အောင်ရှောင်ပြီး လုပ်သင့်တာကိုလုပ်၊ မလုပ်သင့်တာကိုမလုပ်ရင် ကောင်းကျိုးတွေကိုပဲ ခံစားရပါမယ်။

အလုပ်တွေအောင်မြင်ဖို့ ကိုယ်လုပ်မဲ့အလုပ်ရဲ့အကြောင်းကိုနားလည်အောင် အရင်ဆုံးလေ့လာရပါမယ်။ ကိုယ်လုပ်ရမဲ့အလုပ်အကြောင်းကို ဂယနဏမသိဘဲ စမ်းတဝါးဝါးနဲ့လုပ်မိရင် အချိန်တွေ၊ လုပ်အားတွေ၊ ငွေကြေးတွေဆုံးရှုံးပြီး လုပ်ငန်းအောင်မြင်မှုကို အဟန့်အတားဖြစ်မှာပါ။ ယာဉ်မောင်းတစ်ယောက်ဟာ သူမောင်းမဲ့ကားကို မမောင်းခင်ကတည်းက ဆီ၊ ရေ၊ လေ၊ ဘရိတ် စတဲ့ပစ္စည်းတွေကို စစ်ဆေးရသလို ယာဉ်ရဲ့အားသာချက်၊ အားနည်းချက်တွေကိုလဲ သိထားရပါတယ်။ ဒါမှ ကိုယ်မောင်းနေတဲ့ယာဉ်ကို အဆင်ပြေပြေ အန္တရာယ်ကင်းကင်းနဲ့ လိုရာခရီးကို ရောက်အောင် မောင်းနှင်သွားနိုင်ပါမယ်။ ဒါကြောင့် အရင်ဆုံး ကိုယ်လုပ်မဲ့အလုပ်အကြောင်းကို သိရှိနားလည်ဖို့ လိုပါတယ်။

နောက်တစ်ချက်က လုပ်ကိုင်တဲ့အလုပ်တိုင်းမှာ မှန်ကန်တိကျတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ကိုင်ရပါမယ်။ အလုပ်ရဲ့ရည်ရွယ်ချက်ဟာ ဘဝရည်မှန်းချက်နဲ့ ထပ်တူကျမနေရင်တောင် အနီးစပ်ဆုံးရှိဖို့တော့လိုပါတယ်။ ရည်ရွယ်ချက်ဆိုတာ သွားချင်တဲ့ပန်းတိုင်ဆီကို မရောက်ရောက်အောင်သွားမယ်၊ လုပ်နေတဲ့အလုပ်ကို ပြည့်စုံပြီးမြောက်အောင်မြင်အောင် လုပ်မယ်ဆိုတဲ့ ဦးတည်ချက်ထားပြီး လုပ်ကိုင်တာပါပဲ။ ရည်ရွယ်ချက်မြင့်မြင့်မားမား ချမှတ်လုပ်ကိုင်နိုင်ဖို့လိုပါတယ်။ ရည်ရွယ်ချက်ကို မဖြစ်မနေ အောင်မြင်အောင် လုပ်မယ်ဆိုတဲ့စိတ်နဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ ခွန်အားစိုက်ထုတ်လုပ်ကိုင်ကြဖို့ လိုပါတယ်။

တချို့က အလုပ်တစ်ခုလုပ်ရင် စနစ်တကျစီစဉ်ပြီးမှ လုပ်တတ်ကိုင်တတ်သူတွေရှိသလို တချို့ကရေရှည်မကြည့်ဘဲ ဖြစ်သလိုဖြစ်ကတတ်ဆန်း တစ်ပွဲတိုးလုပ်တတ်သူတွေလဲ ရှိတတ်ပါတယ်။ ဒီအမျိုးအစားနှစ်မျိုးရဲ့ အောင်မြင်မှု၊ မအောင်မြင်မှုတွေဟာ အချိန်ကြာလာတဲ့အခါမှာ ကွဲကွဲပြားပြား အဖြေထွက်သွားပါတယ်။ ကြိုတင်စီမံ ဆောင်ရွက်နိုင်တာဟာ လုပ်ငန်းပြီးမြောက်ဖို့ အများကြီးအထောက်အကူဖြစ်စေပါတယ်။

ကိုယ်ပိုင်အလုပ်ပဲဖြစ်ဖြစ်၊ အများနဲ့လုပ်ကိုင်ရတဲ့အလုပ်ပဲဖြစ်ဖြစ် လုပ်သမျှအလုပ်တိုင်းမှာ မှန်မြတ်တဲ့စိတ်ထားကောင်းနဲ့ လုပ်ကိုင်ရပါမယ်။ စိတ်ထားမမှန်ဘဲ လောဘ၊ ဒေါသ၊ မောဟအရိပ်တွေခိုလှုံလုပ်ကိုင်မယ်ဆိုရင်တော့ ရလာမဲ့အလုပ်ရဲ့ အရည်အသွေးဟာ နိမ့်ကျနေတတ်ပါတယ်။ အလုပ်လုပ်သူက စိတ်ထားကောင်းကောင်းနဲ့ လုပ်ကိုင်မယ်ဆိုရင် လုပ်လိုက်တဲ့အလုပ်ကတော့ တန်ဖိုးရှိလှပါတယ်။

❖ ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ ရလာမဲ့အကျိုးကတော့ လုပ်လိုက်တဲ့အလုပ်အပေါ်မူတည်ပြီး အကောင်းနဲ့အဆိုး နှစ်မျိုးထဲကတစ်မျိုးကိုပဲ ခံစားရပါမယ်။ ကောင်းတဲ့ရလဒ်မျိုးတွေပိုင်ဆိုင်ဖို့ကတော့ လုပ်သင့်တာကိုလုပ်၊ မလုပ်သင့်တာကိုမလုပ်မိဖို့လိုပါတယ်။ လုပ်သင့်တာကိုမလုပ်တာ၊ မလုပ်သင့်တာကိုလုပ်တာတွေက အစွန်းတရားပါ။ ဒီအစွန်းတရားတွေကို လွတ်အောင်ရှောင်ပြီး လုပ်သင့်တာကိုလုပ်၊ မလုပ်သင့်တာကိုမလုပ်ရင် ကောင်းကျိုးတွေကိုပဲ ခံစားရပါမယ်။ အလုပ်တွေအောင်မြင်ဖို့ ကိုယ်လုပ်မဲ့အလုပ်ရဲ့အကြောင်းကိုနားလည်အောင် အရင်ဆုံးလေ့လာရပါမယ်။ ❖

နောက်တစ်ချက်ကတော့ စေတနာထားလုပ်ကိုင်ဖို့ဖြစ်ပါတယ်။ စေတနာကောင်းရင် ကံကောင်းတယ်ဆိုသလိုပါပဲ။ လုပ်ရတဲ့အလုပ်က ဒီအလုပ်ပဲ။ အဲဒီအလုပ်မှာ စေတနာထည့်လုပ်လိုက်တဲ့ အလုပ်နဲ့ စေတနာမပါတဲ့ အလုပ်တွေရဲ့တန်ဖိုးဟာ ကွာခြားသွားပါတယ်။ အရပ်ထဲမှာ မုန့်တီဆိုင်တွေရှိပါတယ်။ အဲဒီထဲက တစ်ဆိုင်က နာမည်ကြီးပြီး စားသုံးသူတွေနဲ့ အမြဲစည်ကားနေတယ်။ ရောင်းအားလဲကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ သန့်ရှင်းရေးကအစ ဝန်ဆောင်မှုတွေက တခြားဆိုင်တွေထက် ပိုကောင်းနေလို့ပါပဲ။ ဒါကြောင့် ဘယ်အလုပ်ကိုပဲလုပ်လုပ် လုပ်တဲ့အလုပ်အပေါ်မှာ စေတနာလေး ထပ်ဆောင်းပေးလိုက်ရင် အမျိုးအစားကောင်း၊ အရည်အသွေးကောင်းတဲ့ အလုပ်ရလဒ်ကို ရမှာဖြစ်ပါတယ်။

အလုပ်က ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ စည်းကမ်းရှိရှိ လုပ်ကိုင်ရပါမယ်။ လုပ်ငန်းခွင်တစ်ခုကို ရောက်သွားရင် လုပ်ငန်းခွင်အတွင်း ထားရှိတဲ့ပစ္စည်းပစ္စယတွေ နေရာတကျထားသိုတာကိုမြင်ရုံနဲ့ အဲဒီအလုပ်ကိုလုပ်နေတဲ့သူနဲ့ လုပ်ငန်းတွေဟာ စည်းကမ်းရှိတယ်၊ မရှိဘူး သိနိုင်ပါတယ်။ ဥပမာ-ကားဝပ်ရှော့တစ်ခုမှာ ကားသွားပြင်တော့ မြင်ကွင်းမှာ လုပ်ငန်းသုံးပစ္စည်းတွေ သူ့နေရာနဲ့သူ စနစ်တကျထားတာတွေ့ရတယ်။ အဲဒီလိုထားတော့ သုံးချင်တဲ့ပစ္စည်းကို အလွယ်တကူယူပြီးသုံးနိုင်တယ်။ အဲဒီလိုမဟုတ်ဘဲ စည်းကမ်းမရှိဘဲ ထားချင်တဲ့နေရာမှာထားရင်တော့ လိုချင်မှလိုက်ရှာရမယ်။ ရှာမတွေ့ရင် ကြုံတာနဲ့ ကောက်လုပ်လိုက်တာမျိုးတွေ ကြုံဖူးကြမှာပါ။ စည်းကမ်းဆိုတာ နေရာတိုင်းမှာရှိသင့်သလို လုပ်ငန်းခွင်မှာ စည်းကမ်းနဲ့ အလုပ်လုပ်သူတွေဟာ တိုးတက်အောင်မြင်မှုရကြပါတယ်။

တချို့က အလုပ်လုပ်ကြရင် ကိုယ့်အလုပ်ပြီးဖို့နဲ့ ကိုယ့်အကျိုးဖြစ်ဖို့ကိုပဲ အရေးကြီးတယ်လို့ သဘောထားတတ်ကြပါတယ်။ ကိုယ့်အတွက်လုပ်တဲ့ အလုပ်တော့ မှန်တယ်၊ ကိုယ့်အတွက်လဲ အကျိုးရှိရမယ်။ တစ်ဖက်သားလူရဲ့အကျိုးကို မထိခိုက်စေသင့်ဘူး။ သမ္မာအာဇီဝဆိုတဲ့ ကောင်းတဲ့အသက်မွေးမှုအလုပ်ကိုပဲ ရွေးချယ်လုပ်ကိုင်သင့်ပါတယ်။ လုပ်လိုက်တဲ့အလုပ်ဟာ ကိုယ်သာအကျိုးရှိပြီး သူတစ်ပါးအကျိုးကို ထိခိုက်နစ်နာမယ်ဆိုရင် မလုပ်သင့်ပါ။ ကိုယ့်အတွက် အကျိုးတော့ဖြစ်ပါရဲ့ အများစုက ဒုက္ခတွေ၊ သောကတွေခံစားရမဲ့ အလုပ်မျိုးတွေကိုတော့ မလုပ်သင့်ပါ။

အရောင်းအဝယ်လုပ်ငန်းကို လုပ်တယ်ဆိုပါတော့ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုပဲကြည့်ပြီး အများပြည်သူတွေ ဆင်းရဲကျပ်တည်းနေချိန်မှာ ကုန်ပစ္စည်းတွေလှောင်၊ ဈေးနှုန်းတွေ အဆမတန်တင်ရောင်းတာမျိုးတွေ မလုပ်သင့်ပါ။ အများပြည်သူတွေ ခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေကို ကိုယ်ချင်းစာတဲ့စိတ်နဲ့ ဆင်ခြင်လုပ်ကိုင်သင့်ပါတယ်။ ကောင်းတာပဲ လုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် လုပ်လိုက်တဲ့အလုပ်တွေရဲ့ ပုံရိပ်တွေဟာ ကိုယ့်အပေါ် တန်ပြန်သက်ရောက်မှုရှိတယ်။ ဝဋ်လည်တတ်တယ်ဆိုတာ သတိပြုစေချင်ပါတယ်။

နောက်တစ်ခုက ရောင်းဝယ်တော့လဲ ဘာပစ္စည်းတွေရောင်းမှာလဲ။ အင်္ဂုတ္တရနိကာယပဉ္စကနိပါတ်ဥပါသကဝဂ်ဝဏိဇ္ဇသုတ်မှာ ဗုဒ္ဓဘာသာဥပါသကာတစ်ယောက်အနေနဲ့ မရောင်းကောင်းတဲ့ကုန်စည်မျိုးငါးပါးကို ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီမရောင်းကောင်းတဲ့ ကုန်စည်မျိုးငါးပါးဆိုတာ အများသေစေကြောင်း လေး၊ မြား စတဲ့လက်နက်ပေါင်းအမျိုးမျိုးကိုရောင်းတာ၊ ဆင်၊ မြင်း၊ လူ စတဲ့ အစေခံသတ္တဝါအပေါင်းကိုရောင်းတာ၊ ဝက်၊ သမင် စတဲ့အသားစားကြောင်းသတ္တဝါအပေါင်းကိုရောင်းတာ၊ သေရည်သေရက်အမျိုးမျိုးကိုရောင်းတာ၊ အများကို သေစေတတ်တဲ့ အဆိပ်အမျိုးမျိုးကို ရောင်းတာတွေ ဖြစ်ပါတယ်။

ဒီအလုပ်တွေဟာ အကုသိုလ်အကျိုးပေးမှုကို မျက်မှောက်ဘဝရော ပစ္စုပ္ပန်ဘဝထိပါ ခံစားရနိုင်တာမို့ ဆင်ခြင်လုပ်ကိုင်သင့်တဲ့ အလုပ်တွေဖြစ်ပါတယ်။ တစ်ဘဝတော့ စံရကောင်းစံရနိုင်ပေမဲ့ ဘဝပေါင်းများစွာ ခံရပါလိမ့်မယ်။

အလုပ်ဆိုလို့ စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေနေတာကိုပဲ ပြောလိုတာမဟုတ်ပါ။ လူတိုင်းနေ့စဉ်လုပ်နေကြတဲ့ မနောကမ္မ (မနောကံ)ဆိုတဲ့ အတွင်းစိတ်သက်သက်နဲ့ အတွင်းကျိတ်ကြံစည်ပြုလုပ်မှု၊ ဝစီကမ္မ (ဝစီကံ) ဆိုတဲ့စကားနဲ့ ပြုလုပ်ဆောင်ရွက်မှု၊ ကာယကမ္မ (ကာယကံ) ဆိုတဲ့ ကိုယ်အမူအရာနဲ့ ပြုလုပ်မှုတွေဖြစ်ပါတယ်။ အလုပ်မလုပ်ခင်မှာ စိတ်က ကြံစည်တွေးတောတယ်၊ နှုတ်ကပြောတယ်၊ ပြီးရင် ကိုယ်ခန္ဓာက အလုပ်လုပ်တယ်။ အလုပ်သုံးပါးလို့လဲ ခေါ်ပါတယ်။ လူတိုင်းကအလုပ်သုံးပါးစလုံးနဲ့ အလုပ်လုပ်ကြတာမှန်ပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ကံ၊ ဉာဏ်၊ ဝီရိယ အသုံးချစိုက်ထူမှုချင်း မတူညီကြပါဘူး။ ဒါကြောင့် အောင်မြင်မှု၊ မအောင်မြင်မှု၊ ချမ်းသာမှု၊ ဆင်းရဲမှုတွေ ကွဲပြားခြားနားသွားပါတယ်။ တူညီတဲ့အချက်ကတော့ ကိုယ်လုပ်နေတဲ့ အလုပ်ကိုတော့ ကာယကံရှင်ကိုယ်တိုင် ဆုံးဖြတ်ပြီး ရွေးချယ်လုပ်ကိုင်ကြတာကြောင့် ကောင်းတဲ့အလုပ်၊ ဆိုးတဲ့အလုပ်ကိုလဲ ကိုယ်တိုင်ပဲ ရွေးချယ်လုပ်ကိုင်ကြတယ်လို့ ဆိုနိုင်ပါတယ်။

ကိုယ်လုပ်တဲ့အလုပ်ဟာ ကောင်းတဲ့အလုပ် (ကုသိုလ်ကံ)၊ ဆိုးတဲ့အလုပ် (အကုသိုလ်ကံ) တို့ရဲ့ အကျိုးဖြစ်ထွန်းမှုကို မြတ်ဗုဒ္ဓက ဓမ္မပဒဒေသနာတော်မှာ မကောင်းမှုကိုပြုလုပ်ထားသူအလျောက် အဲဒီ အကုသိုလ်ကံရင့်ကျက်လာပြီး ဆိုးပြစ်ကိုဖော်ထုတ်လို့မပေးခင် အချိန်ပိုင်းမှာ ချမ်းသာသုခကို တွေ့မြင်ခံစားနေရသေးတယ်။ ဒါပေမဲ့ ပြုလုပ်ခဲ့တဲ့ ဒုစရိုက်ကံရင့်ကျက်ပြီး သူ့ရဲ့သတ္တိပြလာတဲ့အခါ ဆိုးညစ်တဲ့ကံပိုင်ရှင်က ယုတ်မာဆိုးရွားတဲ့ ဆင်းရဲဒုက္ခအမျိုးမျိုးကို တွေ့မြင်ခံစားရတော့တယ်။

ကောင်းတဲ့အမှုကို ပြုလုပ်ဆောင်ရွက်ထားတဲ့အလျောက် အဲဒီကောင်းမှုကုသိုလ်ကံ မရင့်ကျက်သေးလို့ ကောင်းကျိုးသုခကို ပေးအပ်ဆက်နှင်းနိုင်တာမရှိသေးခင်အတွင်း ဆင်းရဲဒုက္ခကို တွေ့ကြုံရတတ်တယ်။ ဒါပေမဲ့လဲ ပြုထားတဲ့ကုသိုလ်ကံရင့်ကျက်လာပြီး သူ့ရဲ့အကျိုးတရားကို ဖော်ထုတ်လာတဲ့အခါ သုစရိုက်ကံသခင်လူသားဟာ ချမ်းသာသုခဟူသမျှကို အားရပါးရတွေ့မြင်ခံစားရပေတယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။ ကြားကာလမှာ စံစားခံစားရတဲ့ အကျိုးတွေဟာ အရင်ကပြုလုပ်ခဲ့ပြီး ရင့်ကျက်တဲ့ ကံတစ်မျိုးမျိုးကြောင့်နဲ့ ဉာဏ်၊ ဝီရိယ အကြောင်းဆက်တွေကြောင့်ဖြစ်ပါတယ်။

ဒါကြောင့် နေ့စဉ်လုပ်ကိုင်နေကြတဲ့အလုပ်သုံးပါးဟာ ကောင်းတဲ့အလုပ်လား၊ ဆိုးတဲ့အလုပ်လားဆိုတာ ဆင်ခြင်သုံးသပ်ပြီး ကောင်းတဲ့အလုပ်တွေကိုပဲ ရွေးချယ်လုပ်နိုင်ကြဖို့လိုပါတယ်။ အတိတ်ကံကြောင့် ပစ္စုပ္ပန်မှာ လက်ရှိဘဝကို ပိုင်ဆိုင်ခွင့်ရနေကြပါတယ်။ ပစ္စုပ္ပန်မှာ ကံကောင်းတယ်၊ ကံမကောင်းဘူးဆိုတာ အတိတ်ကံနဲ့ လက်ရှိလုပ်နေတဲ့အလုပ်ကြောင့်ဖြစ်ပါတယ်။ ရပ်တန့်မနေတဲ့ သံသရာခရီးမှာ လက်ရှိဘဝရော တမလွန်ဘဝထိပါ ကောင်းမွန်နိုင်ဖို့ မှန်မြတ်သန့်စင်ပြီး ကောင်းတဲ့အလုပ်တွေကို ရွေးချယ်လုပ်ကိုင်နိုင်မှ ကောင်းကျိုးတွေခံစားနိုင်ကြမှာပါလို့ ရေးသားလိုက်ရပါတယ်။

**ကိုးကား**

**- ဗုဒ္ဓဘာသာကောင်းတစ်ယောက်**

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

## ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘားအံ စက်တင်ဘာ ၁**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကို နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ငွေကျပ်သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၆ ဦးကို ငွေကျပ် ၄၅၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

# (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ဒေါ်မြင့်မြင့်ခင်က အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁**

လာမည့် အောက်တိုဘာ ၁၃ ရက်တွင်ကျင်းပမည့် (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အနုပညာ လောကသားများက အလှူငွေများကို ပါဝင်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၃၁ ရက်က သရုပ်ဆောင် ဒေါ်မြင့်မြင့်ခင်က အလှူငွေကျပ် ၃၀၀၀၀၀ ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

"ရုပ်ရှင်သက်ကြီးပူဇော်ကန်တော့ပွဲကတော့ မကြာခင် ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက ပါဝင်လှူဒါန်းနေကြတာတွေ ရှိပါတယ်။ ကန်တော့ခံ သက်ကြီးအနုပညာရှင်တစ်ယောက်လဲဖြစ်ပြီး နာယကကြီးလဲဖြစ်တဲ့ အစ်မကြီး ဒေါ်မြင့်မြင့်ခင်ကလဲ ငွေကျပ် ၃၀၀၀၀၀ လာရောက်လှူဒါန်းသွားပါတယ်။ ဒီနှစ်မှာတော့ အစည်းအရုံးမှာ အရင်လို အလှူဈေးတန်းထည့်မယ်။ လက်ရှိသက်ကြီးကန်တော့ခံတွေက လူဦးရေတိတိကျကျဖြစ်အောင် ပြန်တွက်နေတာတွေရှိပါတယ်။ တချို့ကွယ်လွန်သွားတဲ့သူတွေရှိသလို ထပ်တိုးလာတဲ့သူတွေလဲ ရှိပါတယ်။ စာရင်းတွေ ပြုစုနေတယ်။ ခန့်မှန်းအယောက် ၁၈၀ လောက်တော့ရှိမယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

(၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဗဟို)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Ghost of Tsushima ဗီဒီယိုဂိမ်းကို ရုပ်ရှင်ရိုက်ကူးရန် ချက်စတာဟဲစကီး စိတ်ဝင်စားနေ

**နယူးယောက် စက်တင်ဘာ ၁**


ကမ္ဘာကျော်ဒါရိုက်တာ ချက်စတာဟဲစကီးသည် Ghost of Tsushima ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် စိတ်ဝင်စားနေကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

Ghost of Tsushima ဗီဒီယိုဂိမ်းသည် မွန်ဂိုတပ်များ ဂျပန်ကျွန်းကို ကျူးကျော်တိုက်ခိုက်ခဲ့စဉ်က ခုခံတိုက်ခိုက်ခဲ့သည့် ဂျင်ဆာကာအိအမည်ရှိ ဆာမူရိုင်းသူရဲကောင်းတစ်ဦး၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ထားသည့် ဗီဒီယိုဂိမ်းဖြစ်သည်။

Ghost of Tsushima ဗီဒီယိုဂိမ်းသည် ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ဖန်တီးရိုက်ကူးရန် မိမိဆန္ဒအရှိဆုံး ဗီဒီယိုဂိမ်းဖြစ်ကြောင်း ဒါရိုက်တာ ချက်စတာဟဲစကီးက ဩဂုတ် ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါဗီဒီယိုဂိမ်းကို ရုပ်ရှင်အဖြစ် ဖန်တီးမည်ဆိုပါက ဂျပန်ဇာတ်ကောင်များနှင့် မွန်ဂိုဇာတ်ကောင်များနေရာ၌ အာရှသရုပ်ဆောင်များ ထည့်သွင်းရေးမှာ အရေးကြီးကြောင်း ချက်စတာဟဲစကီးက သုံးသပ်ထားသည်။

လက်ရှိတွင် ဒါရိုက်တာ ချက်စတာဟဲစကီးသည် Ghost of Tsushima ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲဖန်တီးရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သိရသည်။ KKO






# ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မင်္ဂလာရွှေကြက်ဖရုပ်များ တင်ပို့သွားမည်

**ရန်ကုန် စက်တင်ဘာ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ မင်္ဂလာရွှေကြက်ဖရုပ်များ တင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် မြန်မာမဏ္ဍိုင်အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များရှိပြီး အဆိုပါအရောင်းဆိုင်များက မြန်မာအမှတ်တရပစ္စည်းများကို မှာယူလေ့ရှိကြောင်း၊ မင်္ဂလာရွှေကြက်ဖရုပ်များကို စက်တင်ဘာလအတွင်း ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။



"ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်တွေက ဝယ်ယူဖို့ကမ်းလှမ်းထားတာတော့ အမြင့် ခြောက်လက်မရှိတဲ့ မင်္ဂလာရွှေကြက်ဖရုပ်တွေဖြစ်ပါတယ်။ အသားကတော့ ကျွန်းသားနဲ့ ထုလုပ်ထားတာဖြစ်ပါတယ်။ ဖရုံသီးနင်းထားတဲ့ လာဘ်ခေါ် မင်္ဂလာရွှေကြက်ဖရုပ်ဖြစ်ပါတယ်။ စက်တင်ဘာလအတွင်းမှာ မင်္ဂလာရွှေကြက်ဖရုပ် ၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ မင်္ဂလာရွှေကြက်ဖရုပ်တွေကိုတော့ ပဲခူးမြို့ ရွှေမော်ဓောဘုရားကြီး ပန်းပုတန်းကနေမှာယူမှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ မင်္ဂလာရွှေကြက်ဖရုပ်တစ်ရုပ်ကို ငွေကျပ် ၇၅၀၀၀ ကျသင့်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ASH

# Family Switch ဇာတ်ကားကို ယခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် စတင်ပြသရန် စီစဉ်ထား

**နယူးယောက် စက်တင်ဘာ ၁**

Family Switch အမည်ရှိ ဟာသဇာတ်ကားကို ယခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အမေရိကန်နိုင်ငံ၌ စတင်ပြသရန် Netflix ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

Family Switch ဇာတ်ကားသည် ဗေဒင်ဆရာတစ်ဦးနှင့်တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံပြီးနောက် တစ်ဦးနှင့်တစ်ဦး ရုပ်ခန္ဓာချင်းကူးပြောင်းသွားသည့် မိသားစုတစ်စု၏အဖြစ်ကို ပုံဖော်ရိုက်ကူးပေးထားသည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား မက်သီးယပ်ရှဝ်ဟိုဖာနှင့် မင်းသမီး ဂျင်နီဖာဂါနာတို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

Family Switch ဇာတ်ကားကို ဒါရိုက်တာ McG က ရိုက်ကူးပေးထားပြီး ဇာတ်ညွှန်းရေးဆရာ ခရစ်ရှာဖာနှင့် ဗစ်တိုရီးယားစထရော့တို့က ရေးသားပေးထားသည်။

Family Switch ဇာတ်ကားသည် စာရေးဆရာမ အေမီခရောက်ရှိဆင်သဲ၏ Bedtime For Mommy စာအုပ်ကို အခြေခံရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးငွေများ ထုတ်ပေး

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်ဦးရေ ၅၀ အား လစဉ်ပံ့ပိုးငွေများကိုထုတ်ပေးလျက်ရှိရာ ဩဂုတ်လအတွက် သက်ကြီးအနုပညာရှင်များအား ပံ့ပိုးငွေကို စက်တင်ဘာ ၁ ရက်မှစ၍ ရုပ်ရှင်အစည်းအရုံးတွင် စတင်ထုတ်ပေးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးအနုပညာရှင်များကို လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီးအနုပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလှူအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါ အားလျော်စွာ ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးနေပါတယ်။ စက်တင်ဘာ ၁ ရက်က စတင်ပြီးတော့ ဩဂုတ်လအတွက် ပံ့ပိုးငွေတွေကို ထုတ်ပေးနေတာဖြစ်ပါတယ်။ အလားတူ ရုပ်ရှင်အစည်းအရုံး အလှူအသီးသီးက အနုပညာရှင်၊ အတတ်ပညာရှင်တွေကိုလဲ အလှူရှင်တွေနဲ့ အစည်းအရုံးရဲ့ရန်ပုံငွေတွေနဲ့ပေါင်းစပ်ပြီးတော့ အခါအားလျော်စွာ ပံ့ပိုးမှုတွေပြုလုပ်နေပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင်များအား ဆန်၊ ဆီ၊ ပဲ၊ ဆား ငါးသေတ္တာ စသည့်စားသောက်ကုန်များ ပံ့ပိုးကူညီခြင်းအစီအစဉ်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ပြီးခဲ့သည့် ဩဂုတ်အတွင်းက ၁၃ ကြိမ်မြောက်အဖြစ်ပြုလုပ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers address at meeting 3/2023 of State Administration Council



Senior General Min Aung Hlaing delivers address at the meeting.

**Nay Pyi Taw September 1**

The State Administration Council held meeting 3/2023 at the meeting hall of the SAC Chairman Office in Nay Pyi Taw this morning, with an address by SAC Chairman Prime Minister Senior General Min Aung Hlaing.

Also present at the meeting were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Secretary Lt-Gen Aung Lin Dwe, Joint Secretary Lt-Gen Ye Win Oo, council members and officials.

**All ethnic people must be educated in building the Union based on democratic and federal systems**

First, the Senior General delivered a speech, saying that at a time when the state of emergency of the country has been extended for further six months, this is the second meeting for the council formed with new members. During the tenure, handing over the State responsibility to the government elected by the election and paving the regular way for the State are the primary duties of the current government. At present, the state of emergency exceeds more than two years. Although the current government is taking the State responsibilities in the state of emergency, it is necessary to develop political, economic and social affairs in conformity with the current situation. No measure must be halted. If not, the halted arenas will be lack behind development.

The political vision of the State is to cement the genuine, disciplined multiparty democratic system and build a Union based on democratic and federal systems. The first point of the five-point Roadmap newly adopted by the State Administration Council mentions: **"Emphasis will be placed on ensuring peace and stability and the full rule of law across the whole Union, and on successfully conducting a free and fair multiparty democratic general election."** Building the Union based on democratic and federal systems cannot be separable with democratic system and federal administration. The federalism is being based on region but races.

**All implementers, leaders and followers must have knowledge and techniques in building the Union based on democratic and federal systems.** Hence, the Senior General said he urged all to encourage education sector. **With regard to the education sector, all ethnic people must be literate and completed school education.** There are 13,879 basic education middle schools and 21,550 primary schools in rural area across the nation and 1,626 BEMSs and 3,318 BEPSs in urban area. Hence, ratio of BEMS in rural to urban is 8:1 and BEPS 6.5:1. Myanmar has 28 per cent of urban people and 72 per cent of rural people.

In reviewing the ratio of urban to rural for basic education schools, the successive governments have been emphasizing the education sector. But, number of literates in urban area is larger than those of rural area. Primarily, number of students is lesser in rural area despite opening schools, and most of those students do not learning the completion of basic education. **The ethnic areas, especially in rural areas of states can be seen with lesser number of those who completed the school education due to language barrier and lack of encouragement for learning. Hence, the government has to promote education qualification of rural people.**

As now is education age, everybody needs to complete education for their living standard. As such, priority must be given to ensuring higher education qualification of ethnic people. In the past, the country launched 3-Rs courses with remarkable success, designated as a model across the world. 3-Rs course will stimulate the people to read literature and then they will be keen to learning. They can be taught in KG+5 as alternative education. The Tatmadaw has an example on achieving success in 2014. And then, they can be taught the KG+9 scheme. As such, it is necessary to beef up the endeavours step by step. The government needs to consider it in the mission of education promotion.

Laws emerge from rules and disciplines. **All the people of Myanmar should become educated in their efforts to march towards a union based on democracy and federalism. They need to have legal knowledge. This is why the universities are teaching legal subjects.** BA (Law) has been arranged while plans are underway to teach for LLB in at least a university each in the various regions and states. I believe that the increasing number of those having basic legal knowledge will yield benefits in politics.

**Nurturing human resources to boost agriculture, livestock breeding and productivity for national economic growth**

When it comes to the national economy, our country needs to systematically engage in manufacturing based on agriculture. The GDP is related to three major sectors—agriculture, industry and service. Industry and service are based on productivity. Raw materials are required for producing goods. With those raw materials, other businesses can be operated. Land and water natural resources and products derived from agriculture should be upgraded to high-quality industrial products.

**Products from agriculture and livestock breeding are indeed raw materials for the country's manufacturing sector.** Therefore, our productivity can develop by improving the already existing agricultural and livestock resources. In this context, the country needs experts in the related subjects. **The SAC tried to establish more universities, colleges, institutes and schools capable of producing those skillful and experts as it found out when starting to assume State duties that the country had few human resources in the industry sector.** The first point of the social objectives of the newly adopted SAC's nine objectives is **"to implement the multi-education system inclusive of all so as to develop intellectual and intelligence of the entire people and turn out the number of technicians contributing to the manufacturing sector."** Efforts must be made to nurture experts in the manufacturing sector. This means that those who have completed primary and middle school education are trained to be skilled in industry, agriculture and livestock breeding when they reach the high school education level. Then they will be able to acquire greater skills from the institutes, colleges and universities. The economics subject is also being taught at universities. The aim is to turn out those having basic business knowledge and experts in economics. By doing so, there will be more human resources having economic outlooks, thereby contributing to the national economy.

**Produce human resources skilled in manufacturing high-quality products**

**The effort for national economic progress requires a lot of human resources that can promote the manufacturing sector.** The country's GDP was 78.9 billion nin 2019-2020, which was much lower than that of the neighbouring and regional countries. The GDP value depends on the manufacturing of value-added goods and services. This is why we are encouraging the production of goods based on agriculture and livestock and then the service sector. In comparison with other countries, our country has weaknesses in its products, per-acre yields and cropping capacity. This might have resulted from a lack of hard work and fewer job opportunities. The weakness of creating job opportunities has two parts—input and incentive.

Therefore, in carrying out tasks, efforts must be exerted to achieve success. To do so, opportunities must be created and rewards must be offered. It is the responsibility of the government to provide inputs and to create incentives. Economic strength must be boosted without fail. In doing so, measures must be taken to nurture economists and technicians who can contribute to production. As education must be accessible to nurture them, agriculture and livestock breeding and technical high schools have been opened. If such measures are taken fully, the power of education and economy will be stronger in the future.

In connection with exports, it was found that the country's exports fail to fetch good prices because of weaknesses in production technology. As quality products only will fetch good prices, technologies applied in the country must be advanced ones. Moreover, efforts must be made to produce goods to meet the demand.

**To hold free and fair multiparty democracy general election**

The ultimate aim of the SAC is to hold a free and fair multiparty general election. To hold a free and fair multiparty general election successfully, stability must be restored in the entire country. To guarantee suffrage in the entire country without gap, basic data for voters' list must be recompiled. Only when the basic data are correct, will voters' lists be accurate. Reviewing the incorrect voters' lists in the previous 2020 general election, the population growth of the country in 2014 stood at 0.8 percent and eligible voters' lists in the 2020 general election should have been calculated based on the population growth rate. However, there were numerous irregularities in the voters' list issued then. *See Page 13*

*From Page 12*

Therefore, concerted efforts must be made to compile correct and accurate voters' lists in the upcoming election. Necessary preparations must be made in late 2023 and population census must be conducted in the entire country in 2024. Population lists will be available only after population census have been conducted in the entire country and voters' list can be compiled. There are some townships in regions and states in which voters' list cannot be compiled because of disturbances to officials who are responsible for compiling voters' lists. Therefore, continue efforts must be made to compile voters' lists to their full extent and only when voters' lists are compiled to their full extent, will correct voters' lists be available and can election be held properly. Although an election can be held forcefully, concerted efforts must be made so that the one we are going to hold is a proper general election that will strengthen democratic system. There are misunderstandings about democracy and demanding democracy through violent means is inappropriate. Members of the SAC are required to push for completion of compiling population lists as soon as possible when they go to respective states and regions and to make concerted efforts for the sectors to promote educate, boost economy encourage regional development.

Afterward, members of the SAC reported to the Senior General on the need to take measures to restore the rule of law, security and regional stability in Kayah State, to provide relief items to displaced people, to teach curricula approved by the government to their full extent in basic education schools in Shan State (North), to conducts capability-enhancement courses and offer supports required for human resource development for government employees and enact laws to prevent inaccurate voters lists and irregularities in the upcoming election.

The Vice-Senior General discussed the need to take the united force of local people through cooperation in enforcing area-wise rule of law and restoring peace and stability and to apply the force effectively.

In his closing address, the Senior General said SAC will continue to take appropriate measures for health, education, social and economic development of the country. Local people should be organized to ensure peace, stability and the rule of law of their relevant places. A comparison between a peaceful and stable place and a place which lacks peace and stability shows a wide gap development between the two in regional and socioeconomic progress. **Although the government is endeavouring for equal development of the entire nation, sector-wise development undertakings cannot be carried out in places where there is terrorism. Local people are now facing the consequences of the absence of progress. Local people fall victim to the stupidity of a group of people. People should cooperate in anti-terrorism activities and in restoring peace and stability in view of the interest of their areas and regions.** SAC members should give supervision at all levels, represent national races region wise and look into their needs. In this way SAC members can enhance their trust and conviction

In implementing the peace process, EAOs should show goodwill for the nation. All the national races should join hands in practising multiparty democracy and building a Union based on democracy and federalism.

The coming 15 October is the eighth anniversary of NCA. **NCA was signed in the presence of the government, parliament, Tatmadaw and EAOs, and diplomats from UN and countries including China, India, Japan and Thailand and local witnesses at a grand ceremony on 15 October 2015.** It is an ever valid agreement approved by the Union Hluttaw. The Senior General was a signatory from the government side as the Commander-in-Chief of Defence Services. But now, an official of a certain EAO made irresponsible and worthless remarks against the NCA without any proof. **As regards the peace process, the Tatmadaw firmly stands by the NCA. In all seriousness, the NCA 8th anniversary which falls on the coming 15 October will be organized practically and meaningfully.**

The relevant ministries hold talks to provide necessary support and conduct efficiency courses in seeking ways for human resources development of the departments.

Preparations should be made to collect voter lists and ensure all eligible voters to cast votes for the successful holding of a free and fair election. Electronic voting system will be used for the safety of voters. As regards the political parties, necessary laws will be enacted as necessary.

Farm mechanization will solve the labour shortage of the agriculture sector. Seeds, soil, water and proper methods are required for success of agriculture. The relevant ministries are holding talks to establish a polytechnic institute to teach applied science subjects, and to reach technical institute level from Kg+9. Plans should be adopted to produce human resources and technicians for the production industry. Better education for youths ensures a better future for the country.

SAC is doing all that are necessary for the betterment of the country's future. SAC members should have a wider view, taking into account the interest of the entire country to represent and work for all the places of the country.

100

# Thaksin: Former Thai PM's prison sentence reduced to a year



Former Thai prime minister Thaksin Shinawatra returned home in August after a 15 year exile.

**Bangkok September 1**

Thailand's King has reduced the eight-year prison sentence of former prime minister Thaksin Shinawatra to a year.

Mr Thaksin, who returned home last month after 15 years of self-imposed exile, was immediately sent to jail.

He was then moved to the luxury wing of a state hospital after complaining of heart problems.

Mr Thaksin has always said the outstanding sentences, over charges of corruption and abuse of power, were politically motivated.

Deposed by a military coup in 2006, Mr Thaksin, one of Thailand's most influential and polarising personalities, left the country two years later to avoid a prison sentence.

His return on 22 August was assumed to be part of a wider political deal. And it was one that was meant to bring his popular Pheu Thai party together with its one-time adversaries in a compromise government.

And it did that. Hours after he arrived, a new coalition government, led by Pheu Thai, voted its candidate Srettha Thavisin as the new PM. The coalition includes Mr Thaksin's former military rivals who deposed his party in 2014 in a coup.

Mr Thaksin clearly hoped for leniency as a part of that deal, and King Vajiralongkorn has responded quickly to his request for a pardon, reducing his eight-year sentence to just one. Mr Thaksin is likely to stay in hospital.

In response to his request for a royal pardon, the royal gazette on Friday noted his age and "illness". It added that Mr Thaksin "has done good for the country and people and is loyal to the monarchy". BBC

# X, formerly Twitter, to collect biometric and employment data

**Washington September 1**

X, formerly known as Twitter, will collect biometric data on its users, such as a photograph of their face, in an update to its privacy policy.

People signed up to its subscription service, X Premium, can choose to provide a selfie and photo ID for verification.

The policy also states X may collect employment and educational history.

This would be to "recommend potential jobs for you, to share with potential employers when you apply for a job".

There has been speculation that X may want to offer recruitment services.

In May, X Corp acquired a tech recruiting service called Laskie, according to reports. It was the first take over of a company since Elon Musk bought Twitter, as it was then known, last year for $44bn (£34.7bn)

The new privacy policy will come into force 29 September.

It states: "We may collect and use your personal information (such as your employment history, educational history, employment preferences, skills and abilities, job search activity and engagement, and so on) to recommend potential jobs for you, to share with potential employers when you apply for a job, to enable employers to find potential candidates, and to show you more relevant advertising." BBC

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၂၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၂၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၉၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ်မှာ မိုးနေကြာဧက ၄၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိ ရာနှုန်းပြည့်စိုက်ပျိုးပြီးပါပြီ။ နေကြာသီးနှံကို မိုးကာလထက် ဆောင်းကာလမှာ အဓိကထား စိုက်ပျိုးကြတာဖြစ်ပါတယ်။ မိုးနေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးလျက်ရှိတယ်။ နေကြာ တိုးချဲ့စိုက်ပျိုးဖို့ရာအတွက်လဲ လုပ်ဆောင်လျက်ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက နေကြာကို ၂၀၂၂ ခုနှစ် ဇွန်လမှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ နေကြာ ၄၉၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်အတွင်း ယခုနှစ် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်အတွင်း ဆောင်းနေကြာ ၈၂၉၉ ဧကစိုက်ပျိုးရန် လျာထားကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်နှင့် လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်စေရန်အတွက်ရည်ရွယ်၍ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လက်ပံပြား-ကြက်ဖြူတဲ-ဇလင်းတောင် ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ ညောင်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် လက်တောက်ညွှန်ကြားရေးမှူး (မြို့ပြ)အပါအဝင် ဦးစီးအရာရှိ (မြို့ပြ)များ၊ အငယ်တန်းအင်ဂျင်နီယာ(၁)နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဝန်ထမ်းများက ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လက်ပံပြား-ကြက်ဖြူတဲ-ဇလင်းတောင် ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာချုပ် ဦးလှခိုင်က မြေပြင်နှင့်အညီ M&E ပုံစံများ ရေးသွင်းနည်းကို ရှင်းလင်းပြသသည်။



အဆိုပါ လက်ပံပြား-ကြက်ဖြူတဲ-ဇလင်းတောင် ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်းလုပ်ငန်းမှာ အရှည် ငါးမိုင်၊ အကျယ် ၂၄ ပေနှင့် အမြင့် နှစ်ပေရှိပြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၉၈ ဒသမ ၉၉၅ သန်းဖြင့် ဇူလိုင်လ ပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# ပခုက္ကူမြို့နယ် မြင်းကျွန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**ပခုက္ကူ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီး ရရှိစေရန်အတွက် မြင်းကျွန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၈ သန်းကို မြင်းကျွန်းကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် မြင်းကျွန်းကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့သည်။

ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြင်းကျွန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်း ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေ ပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာကြောင်း သိရသည်။

**အထွေး**





## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၉-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၁၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၇၉/၂၀၂၃**
၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁ ရက်)

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါ အတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၃၃၅၈ **အစား** ကြည်း ၂၇၃၅၁
ဗိုလ်မှူးကြီး အောင်ကြည်လင်း ဗိုလ်မှူးကြီး ကျော်သူရ

(၂) **ကယားပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၂၀၀၀ **အစား** ကြည်း ၂၆၈၆၃
ဗိုလ်မှူးကြီး မြင့်ဝေ ဗိုလ်မှူးကြီး သန်းစိုးအောင်

(၃) **ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၂၆၁၇ **အစား** ကြည်း ၂၇၂၃၈
ဗိုလ်မှူးကြီး မျိုးမင်းနောင် ဗိုလ်မှူးကြီး မင်းသူကျော်

(၄) **ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၅၉၉၅ **အစား** ကြည်း ၂၉၂၁၆
ဗိုလ်မှူးကြီး ဟန်ဝင်းအောင် ဗိုလ်မှူးကြီး သိန်းထွန်းအောင်

(၅) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၆၁၀၉ **အစား** ကြည်း ၃၂၁၃၂
ဗိုလ်မှူးကြီး ကျော်ကျော်မင်း ဗိုလ်မှူးကြီး နေလင်းစိုး

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် (၅)ကြိမ်မြောက် တရုတ်နိုင်ငံ၏အရည်အသွေးပိုင်းဆိုင်ရာညီလာခံသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁**

(၅)ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံ (The Fifth China Quality Conference)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် စက်တင်ဘာ ၁ရက်မှ ၂ ရက်ထိ ကျင်းပလျက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Chengdu Century City New International Convention Center၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုပုံစံနှင့် စွမ်းဆောင်ရည် အာမခံချက်များတွင် အရည်အသွေးပိုင်းဆိုင်ရာ သဘောတရားများကိုလည်း လျစ်လျူရှုထား၍ မရနိုင်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် (၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅)တွင် ပတ်ဝန်းကျင်နှင့်ဆီလျော်သည့် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့ပြင် ၂၀၂၃ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၁၄)ကြိမ်မြောက် အမျိုးသားညီလာခံအစည်းအဝေး၌ သမ္မတ ရှီကျင့်ဖျင်က အရည်အသွေးမြင့်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးနှင့်အရည်အသွေးမြင့်သည့် ထုတ်ကုန်များကို ပိုမိုအဆင့်မြှင့်တင်ရန် အလေးပေးပြောကြားခဲ့ကြောင်း။

ယခုကျင်းပသည့် (၅)ကြိမ်မြောက် အရည်အသွေးပိုင်းဆိုင်ရာ ညီလာခံတွင်လည်း မိမိတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် သတင်းအချက်အလက်များဖလှယ်ရန် အခွင့်အလမ်းများရမည်မှာ အသေအချာပင်ဖြစ်ပါကြောင်း၊ အရည်အသွေးဆိုင်ရာစီမံခန့်ခွဲမှုကို ပိုမိုအားကောင်းလာစေရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝ၍ ထိရောက်မှုရှိစေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုသည်လည်း အဓိကကျသည့်အရာတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် ဘဏ္ဍာရေးဆိုင်ရာ ဒစ်ဂျစ်တယ်စနစ်၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်ဘဏ္ဍာရေးနှင့် အရည်အသွေးမြင့်မားသည့် ဖွံ့ဖြိုးမှုကဏ္ဍများတွင် သိသာစွာတိုးတက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ဘဏ္ဍာရေးဆိုင်ရာ ဒစ်ဂျစ်တယ်စနစ်ကို အရှိန်မြှင့်တင်ခြင်းနှင့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် လျှပ်စစ်ကားနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းတွင် အခွန်အခများလျှော့ချခြင်းပါဝင်သည့် သက်သာခွင့်ပေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာလတိုမူဝါဒအနေဖြင့် ၂၀၂၅ ခုနှစ်ထိ ပြည်ပမှ လျှပ်စစ်ကားတင်သွင်းမှုကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပိုမိုလေးနက်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်လာနိုင်ရန် မျှော်လင့်ပါကြောင်း။




မြန်မာနိုင်ငံအနေဖြင့် အရည်အသွေးပြည့်ဝသည့်ကုန်ပစ္စည်းများနှင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ၏ အရေးပါမှုကို လက်ခံအသိအမှတ်ပြုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် လက်ရှိတွင် ပြည်ပတွင်ထုတ်လုပ်သည့် ကုန်ပစ္စည်းများ မှတ်ပုံတင်ခြင်းကို ထိန်းချုပ်စစ်ဆေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကောက်ခွန်နှင့် ပို့ကုန်သွင်းကုန်အထွေထွေစီမံခန့်ခွဲမှုအဖွဲ့ (General Administration of Customs China-GACC)နှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကိုလုပ်ဆောင်လျက်ရှိပါကြောင်း၊ GACC ကလည်း တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်နိုင်မည့်နည်းလမ်းများ လွယ်ကူချောမွေ့စေရေးကို ကူညီပံ့ပိုးရန်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ အရည်အသွေးဆိုင်ရာအာမခံချက်နှင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်အစီအစဉ်ကို လိုက်ပါဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာစံချိန်စံညွှန်း လမ်းညွှန်ချက်များ ၂၀၁၂ (Myanmar National Building Code 2012) ကို ရေးဆွဲခဲ့ပြီး အဆောက်အအုံများ၏အဆင့်အတန်း၊ မြို့ပြစီမံကိန်းရေးဆွဲမှု၊ စွမ်းအင်ကို အကျိုးရှိစွာသုံးစွဲနိုင်ရန်နှင့် ပတ်ဝန်းကျင်နှင့်ဆီလျော်သည့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် ပြန်လည်ဖြည့်စွက်ပြင်ဆင်မှုများပြုလုပ်ခဲ့ပါကြောင်း။

ယခု နှစ်ရက်တာကျင်းပသည့် ညီလာခံတွင် ဆွေးနွေးမှုများမှ နိုင်ငံအချင်းချင်း စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်လာနိုင်မည်ဖြစ်ပြီး မူလမျှော်မှန်းထားသည်ထက် ကျော်လွန်၍ နက်ရှိုင်းသည့်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Zhang Guoqing၊ တရုတ်နိုင်ငံ၏ ဈေးကွက်ထိန်းချုပ်စောင့်ကြည့်ရေး စီမံအုပ်ချုပ်ရေးဌာနဝန်ကြီး Mr. Luo Wen၊ စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wan Xiaohhi၊ စီချွမ်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Huang Qiang၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ရေးအဖွဲ့နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အဓိကဖိုရမ်၊ ခေါင်းစဉ် ရှစ်ခုဖြင့် ဖိုရမ်ငယ်များ၊ အမျိုးသားနည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် စီချွမ်စီးပွားရေးလုပ်ငန်းများအကြား အစည်းအဝေး(Matchmaking Meeting)များကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N. P. K Motors Co.,Ltd. က တင်သွင်းလာသော MG MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ရှစ်စီးနှင့် MG ZS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် နှစ်စီးသည် ရန်ကုန်ဆိပ်ကမ်းသို့လည်းကောင်း၊ Aung Kan Bo Motorcycle Industrial Co.,Ltd.ကတင်သွင်းလာသော Kan bo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၁၀၂၄ စီးသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့လည်းကောင်း ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ









မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား အနယ်နယ် အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားနေမှုကို တွေ့မြင်ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ် ဝဏ္ဏကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှလာရောက်ကြသည့် ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဉယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီးအမှူးပြုသည့် အလှူရှင်များက ငွေကျပ် သိန်း ၂၄၀၀ လှူဒါန်းမှုအပါအဝင် အခြားသော ဘုရားဖူးလာသူများက ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် သက်ကြီးဘိုးဘွားများကို ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် သက်ကြီးဘိုးဘွားများကို အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများ အသက်သာဆုံးဖြစ်စေရေးအတွက် ဝင်ရောက်သူအားလုံးကို အခမဲ့ဝင်ရောက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၄ ရက်မှစတင်၍ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ချိန်တွင် ကင်မရာပါသည့်ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့်နှုန်းထားများဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ရပ်နားသည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

## ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ရေတပ် လေ့ကျင့်ရေး ဌာနချုပ် အသင်းကို တံခွန်စိုက် ဒိုင်းဆု ပေးအပ် ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရေကူးကန်၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲနှင့် မီတာ ၅၀×၄ လက်ဆင့်ကမ်း အလွတ်ကူးပြိုင်ပွဲများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ပြိုင်ပွဲဝင်အားကစားသမားများကို ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ)က တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ရေကူးပြိုင်ပွဲ၌ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ယခင်နှစ် တပ်မတော်(ရေ)၏ စံချိန်အားချိုး၍ အမှတ်(၄)ဗျူဟာစစ်ရေယာဉ်စုအသင်းမှ တပ်သားဇွဲကျော်ထူးသည် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ပြိုင်ပွဲဝင်အားကစားသမားများနှင့် တာဝန်ရှိသူများကို တွေ့ဆုံအားပေးစကားပြောကြားရာတွင် တပ်မတော်(ရေ) ရေကူးအသင်းအနေဖြင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျစုဖွဲ့လေ့ကျင့်သွားကြရန်၊ လက်ရွေးစင်အသင်းအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုများရရှိစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် ရေကူးအားကစားသမားများအဖြစ် ပေါ်ထွန်းလာစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားသည်။

အဆိုပါ ရေကူးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက်ရှိ ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဩဂုတ် ၃၀ ရက်က စတင်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ပြန်လည်ထူထောင်ရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရန် မြန်မာအစိုးရ၏ လက်တွေ့ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေမှန်များကို မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ ကြည့်ရှုလေ့လာ





**စစ်တွေ ဇော်တင်ဘာ ၁**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ခရီးစဉ်တွင်လိုက်ပါလာသည့် သံတမန်အဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့ ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ယခုသံတမန်ခရီးစဉ်သည် ရခိုင်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် မြန်မာအစိုးရ၏ လက်တွေ့ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေမှန်များကို မျက်မြင်တွေ့ရှိ လေ့လာနိုင်ရန်အတွက် စီစဉ်ခြင်းဖြစ်ပါကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ရာ၌ မည်သူတစ်ဦးတစ်ယောက်မျှချန်လှပ်မှုမရှိစေရေးနှင့် မူလအခြေအနေထက်သာလွန်ကောင်းမွန်သည့် အခြေအနေဆောင်ရွက်ပေးရေးမူဝါဒတို့ကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတွင်လည်း စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေးဆောင်ရွက်ထားရှိမှုများကို အလေးထားရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က ဆိုင်ကလုန်း(မိုခါ) ဘေးဒဏ်သင့်ဒေသများ၌ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင်ရေးတိုးတက်မှုအခြေအနေ မေ ၆ ရက်မှ ဇွန် ၃၀ ရက်ထိ အစီရင်ခံစာအပေါ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောနိုင်က ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်ကိုကိုနိုင်က ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ရခိုင်ပြည်နယ် အတွင်းရေးမှူး ဦးကျော်သူဇော်က မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ MoU အရ မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခရီးစဉ်တွင် လိုက်ပါလာကြသည့် သံတမန်များက ပြန်လည်ဆွေးနွေးရာတွင် မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို သိရှိရသည့်အပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးအစီအမံများကို မြန်မာနိုင်ငံမှ နိုင်ငံရေးဆန္ဒရှိစွာဖြင့် ဆောင်ရွက်ပေးနေမှုများကိုလည်း ကြားသိရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်းနှင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တုံ့ပြန်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပါကြောင်း ပြောကြားခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ မေယုလမ်းနှင့် ချင်းပေါ့လမ်းထောင့်ရှိ ရှင်မာကုကသီဗြိယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိရာ ဘုရားကျောင်းမှ တာဝန်ရှိသူများက မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးစီမံကိန်းဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာပစ္စည်းများတင်ဆောင်လာသည့် MERCURY FORCE သင်္ဘောပေါ်မှ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပို့ဆောင်မည့် မော်တော်ယာဉ်များပေါ် သို့တင်ဆောင်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြပြီး ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုကြပြီး မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်နှင့် သကျမုနိဘုရားသိမ်တော်ကြီးအား ရှေးမူမပျက်ပြန်လည်ပြုပြင်မှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ မတူကွဲပြားမှုများရှိသော်လည်း အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန်နှင့်ပြဿနာများကို အတူတကွပူးပေါင်းဖြေရှင်းနိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်သည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ ဆင့်ပွားသင်တန်းနှင့် စက်ချုပ်အတတ်ပညာဖြင့် လူမှုဘဝရပ်တည်နိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းသို့ ရောက်ရှိပြီး သင်တန်းတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ဒေသခံတိုင်းရင်းသူများနှင့် IDP စခန်းများမှ အမျိုးသမီးများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေတက္ကသိုလ်၊ သဲချောင်းကျေးရွာနှင့် ဒါးပိုင်ကျေးရွာတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး သက္ကယ်ပြင် IDP စခန်း၌ စခန်းတွင်နေထိုင်သူများ၊ စခန်းတာဝန်ခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြား၍ သက္ကယ်ပြင်တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် သံတမန်အဖွဲ့သည် စစ်တွေဟိုတယ်၌ ပြည်နယ်ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှု၊ ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို ရင်းရင်း နှီးနှီးလိုက်လံမေးမြန်း အားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ် သည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူ များက ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက် ပေးသည်။ အလားတူ တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံ ကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံ ကြီး (ခုတင်-၁၀၀၀)၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစု ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူ များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေး ထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံ မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူ များက ဆေးရုံများအတွင်း လှည့်လည် ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။

## မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းစေလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့မဟုတ် 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်မောင်းသူများ လိုက်နာရန်**

- မြို့တွင်း တစ်နာရီ ၄၈ကီလိုမီတာအတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ)ကားမမောင်းရ၊ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ (ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ) လုံးဝဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## စက်တင်ဘာ ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၃၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့တွင် COVID-19 ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်အတွင်းရှိ မှန်တိုင်းသင့်မြို့နယ်များမှ ထိခိုက်ပျက်စီးမှုများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁**

မိုခါမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းသင့် မြို့နယ်များမှ ထိခိုက်ပျက်စီးမှုများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ထွက်ခွာကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက စစ်တွေမြို့ ပြည်နယ်လွှတ်တော်ရုံးဝင်းအတွင်း၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ နေ့လယ်စာ သုံးဆောင်နေမှုများကို ကြည့်ရှုပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ဂုဏ်ပြုချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**



# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကိုအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက မိုင်းပျဉ်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများမှစိုက်ပျိုး၊မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂-၉-၂၀၂၃ (စနေနေ့)**

၁။ ၀၆း၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၁း၀၀ စစ်သည်ကဏ္ဍ
၃။ ၁၄း၃၀ လေ့လာမှတ်သား ရိုးရာစကားပုံများ
၄။ ၁၆း၀၀ ကမ္ဘာကျော်တို့ အနုပညာခရီး
၅။ ၁၈း၂၀ Thazin Request Song

# အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။**



**နေပြည်တော် စက်တင်ဘာ ၁**

အနောက်တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် ပုသိမ်တပ်နယ် အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသား အသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဩဂုတ် ၂၃ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁**

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဩဂုတ် ၂၈ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



**မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။**

# ၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး ကော်တင်ဘာ ၁**

၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်စကားပြောကြားရာတွင် မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည့် ရိုးရာအားကစားနည်းဖြစ်ပြီး နိုင်ငံဂုဏ်ဆောင် မြန်မာ့ရိုးရာ ခြင်းခတ်ပညာအားကစားကို မြတ်နိုးတန်ဖိုးထားကာ မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းတတ်စေရန်၊ ရိုးရာခြင်းလုံး အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ ယခုပြိုင်ပွဲမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာခြင်းလုံးပြိုင်ပွဲ၌ အောင်မြင်မှုရရှိစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းခဲ့ပြီး နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်က အားထားရသည့် ထူးချွန်ထက်မြက်သော အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွန်းရေး၊ ဥာဏ်၊ လုံ့လ၊ ဝီရိယ၊ အားမာန်အပြည့်ဖြင့် ဆက်လက်ကြိုးစားသွားကြရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်းဖြင့် ပြောကြားပြီး ရိုးရာခြင်းလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများပေးအပ်ကာ ရိုးရာခြင်းလုံးအလှခတ်ကစားစွမ်းရည်ပြသမှုနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမား၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှခတ်ကစားစွမ်းရည်ပြအဖွဲ့ကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြကြောင်းနှင့် အဆိုပါရိုးရာခြင်းလုံးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်ထိ နေ့စဉ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

☆ **ကျောဖုံးမှအဆက်**

အတည်ပြုသတ်မှတ်ခဲ့သည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် ခရီးသွားများ လေ့လာကြည့်ရှုအပန်းဖြေနိုင်မည့်ရှားပါးငှက်များ၊ တောရိုင်းတိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သက်တမ်းကြာသစ်ပင်သစ်တောနှင့်ရေတံခွန်များ၊ လှေစီး၍ သဘာဝအလှကြည့်ရှုခံစားခြင်း၊ တောတွင်းခရီးသွားလာနိုင်ခြင်း၊ ဒေသခံရှမ်းနီနှင့် နာဂတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့်နေထိုင်မှုဘဝပုံစံတို့ကို လေ့လာနိုင်ခြင်းနှင့်ထမံသီသုတေသနစင်တာတွင် လေ့လာလည်ပတ်နိုင်ခြင်းတို့ဖြင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းကို နှစ်သက်ကြသည့် ပြည်တွင်းပြည်ပခရီးသွားတို့ကို ဆွဲဆောင်လျက်ရှိသည်။

"ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှာ တစ်ယူနစ်ကို ဝန်ထမ်း သုံးဦးနဲ့ အလုပ်သမားတစ်ဦး စုစုပေါင်း လေးဦးက ယူနစ် ၂၀ ဧရိယာမှာ ကင်းလှည့်ပါတယ်။ ကင်းစခန်းသုံးခုမှာ သုံးဖွဲ့နဲ့ နေ့စဉ်ကင်းလှည့်တာရှိတယ်။ ရှားပါးတိရစ္ဆာန်ဖြစ်တဲ့ ကျားဆိုရင် မြန်မာနိုင်ငံမှာ မြောက်ပိုင်းနဲ့ တောင်ပိုင်းမှာပဲ ရှိတော့တာပါ။ မြောက်ဖျားမှာဆိုရင် ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောနဲ့ ထမံသီဘေးမဲ့တောဆိုပြီးရှိတယ်။ ထမံသီမှာတော့ ပြီးခဲ့တဲ့နှစ်ကတည်းက ကင်မရာတွေတပ်ဆင်ခဲ့တာမှာ ကျားသွားလာမှုပုံရိပ်တွေ ရရှိခဲ့တယ်။ ဒီဧရိယာက 4 Square ကီလိုမီတာမှာ တစ်ပွိုင့်ကို ကင်မရာနှစ်လုံးနဲ့ ၁၅ ပွိုင့်တပ်ဆင်ခဲ့တယ်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCF)ပညာရှင်တွေ ခန့်မှန်းထားတာတော့ ကျား ၁၅ ကောင်ကနေ အကောင် ၂၀ ထိ ကျက်စားနေတယ်လို့ ဆိုပါတယ်။ အတိအကျခန့်မှန်းဖို့ဆိုရင် နည်းပညာပိုင်းဆိုင်ရာလည်းလိုပါတယ်။ပြီးတော့ သဘာဝပတ်ဝန်းကျင်နဲ့ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းမှုမှာ ဒေသခံပြည်သူများရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာလည်း အရေးကြီးပါတယ်။ ထမံသီဘေးမဲ့တောကို အာဆီယံအမွေအနှစ် ရှစ်ခုမြောက်အဖြစ် သတ်မှတ်ခံထားရတာဖြစ်တဲ့အတွက် အမျိုးသားအမွေအနှစ်တစ်ခုအဖြစ် အားလုံးကဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားဖို့လည်း လိုပါတယ်"ဟု ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောပြသည်။

ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့မှုကို ထောက်ပံ့ပေးလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့် ငှက်မျိုးစိတ်များ လူတို့ပယောဂနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် နှစ်စဉ်သေဆုံးလျက်ရှိသည်။အချို့သော တောရိုင်းတိရစ္ဆာန်တို့မှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ရင်ဆိုင်နေရလျက်ရှိပြီး ကျားနှင့် ဆင်ကို ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ထိန်းသိမ်းကာကွယ်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရှားပါးစာရင်းဝင်ကျားမျိုးစိတ်များကို ထိန်းသိမ်းကာကွယ်လျက်ရှိကြောင်း သိရသည်။

ကိုယ်တွင်းအင်္ဂါအရိုးနှင့်သားရေသည် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်မှောင်ခိုဈေးကွက်ဝင်လျက်ရှိရာ နှစ်စဉ် ဆင်နှင့်ကျားသတ္တဝါများလျော့ပါးလာလျက်ရှိပြီး WCF အနေဖြင့် ကျားကျက်စားရာ နိုင်ငံပေါင်း ၁၃ နိုင်ငံနှင့် ပူးပေါင်း၍ ရှားပါးတိရစ္ဆာန်နှင့် ငှက်မျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေးကို ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ကျားတစ်ကောင်လျှင် ကီလိုမီတာ ၂၅၀ မှ ၃၀၀ အတွင်း ကျက်စားနေထိုင်လေ့ရှိပြီး မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဘင်္ဂလားကျားများ ကျက်စားလေ့ရှိ၍ မြန်မာနိုင်ငံတောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီး သဘာဝကြိုးဝိုင်း၌ အင်ဒိုချိုင်းနားကျားများ လှည့်လည်ကျက်စားလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# နန်ယုတ်ကြိုးပြင်ကာကွယ်တော သတ်မှတ်

**နေပြည်တော် ကော်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၀၅၁၁ ဧကရှိသော နယ်မြေကို "**နန်ယုတ်ကြိုးပြင်ကာကွယ်တော**"အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၉၉/၂၀၂၃)အရ ၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ထင်း၊ ဝါးစသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

နန်ယုတ်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ သစ်ရာ၊ အင်ကြင်း စသည့် အဖိုးတန်သစ်မျိုးများနှင့် ကညင်၊ သပြေ၊ လောက်ယား၊ သစ်ဆေး စသည့် ဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များကို ကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော ဝက်ဝံ၊ မျောက်၊ ဆတ်၊ ပြောင်၊ ချေ၊ တောဝက် စသည့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာနိုင်ခြင်း၊ ဥရုမြစ်အတွင်းစီးဝင်သော နန်ယုတ်ချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။


ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

# TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအုပ်စုအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအုပ်စုအတွင်းရှိ ဇီးဒဘန်ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ တစ်ဦးသေဆုံး၊ နှစ်ဦးထိခိုက်ဒဏ်ရာရရှိ

TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအုပ်စုအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအုပ်စုအတွင်းရှိ ဇီးဒဘန်ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာအုပ်စု ဇီးဒဘန်ကျေးရွာအတွင်းသို့ TNLA အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့်အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၂ နာရီခန့်တွင် TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအုပ်စု၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လာလမ်းအတိုင်း ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း၊ ၎င်းတို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာအုပ်စုအတွင်းရှိ ဇီးဒဘန်ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ တစ်ဦးသေဆုံးကာ နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကွတ်ခိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်နှင့် နမ့်ဖတ်ကာကျေးရွာအုပ်စုအတွင်း လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Kay Khaing Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပန်းတော်ဆက်ကျေးရွာနေ ကေခိုင်စိုး(ခ)မဲလုံးကို နံနက် ၁၁ နာရီ တွင်လည်းကောင်း၊ "U Tin Lin Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပျော်ဘွယ်မြို့နယ် ကွေ့ကြီးကျေးရွာနေ တင်လင်းအောင်ကို ည ၁၀ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဟောင်ကောင်ဒေသသို့ ဆာအိုလာတိုင်ဖွန်းမုန်တိုင်းဝင်ရောက်လာသဖြင့် ကာကွယ်မှုများပြုလုပ်နေ



**ဟောင်ကောင် ဇက်တင်ဘာ ၁**

ဆာအိုလာတိုင်ဖွန်းမုန်တိုင်းသည် ယနေ့တွင် ဟောင်ကောင်သို့ စတင်ဝင်ရောက်လာကာ မုန်တိုင်းကြောင့် လေတိုက်နှုန်းပြင်းထန်နေပြီး အာဏာပိုင်အဖွဲ့အစည်းက ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ကာ ကာကွယ်မှုများပြုလုပ်လျက်ရှိကြောင်း ဟောင်ကောင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု CNBC သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာအိုလာ တိုင်ဖွန်းမုန်တိုင်းကြောင့် အာဏာပိုင်အဖွဲ့အစည်းက စီးပွားရေးအခြေခံအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် စတော့အိတ်ချိန်းများကို ယာယီပိတ်ထားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

အနောက်မြောက် ပစိဖိတ်သမုဒ္ဒရာနှင့်တောင်တရုတ်ပင်လယ်တွင် တိုင်ဖွန်းမုန်တိုင်း သုံးမျိုးဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့မှာ ဆာအိုလာတိုင်ဖွန်းမုန်တိုင်း၊ ဟိုင်ကူတိုင်ဖွန်းမုန်တိုင်းနှင့် ကီရိုဂီတိုင်ဖွန်းမုန်တိုင်းတို့ဖြစ်ကြောင်း သိရသည်။

ဆာအိုလာ တိုင်ဖွန်းမုန်တိုင်းသည် တရုတ်နိုင်ငံပြည်မကြီး၊ တရုတ်(တိုင်ပေ)နှင့် ဟောင်ကောင်သို့ ဝင်ရောက်တိုက်ခတ်မည်ဟု ကြိုတင်သတိပေးချက် ထုတ်ပြန်ထားပြီး တရုတ်(တိုင်ပေ)မှတစ်ဆင့် ဟောင်ကောင်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆာအိုလာ တိုင်ဖွန်းမုန်တိုင်းသည် ဟောင်ကောင်တွင် တစ်နာရီ ၁၂၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေပြီး ဟောင်ကောင်မှတစ်ဆင့် တရုတ်ပြည်မကြီး ဂွမ်ဒေါင်းပြည်နယ်ကို တိုက်ခတ်သွားမည်ဖြစ်သည်။

ဟောင်ကောင်တွင် ဆာအိုလာတိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လူနေဒေသများသို့ ရေစီးဝင်လာနိုင်သောလမ်းကြောင်းများတွင် ကယ်ဆယ်ရေးဝန်ထမ်းများက သဲအိတ်များဖြင့် ရေစီးလမ်းကြောင်းများကို တားဆီးရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေကြောင်း ဟောင်ကောင် အာဏာပိုင်အဖွဲ့အစည်းမှ သိရသည်။

**ခိုင်းဆက်**

# အိန္ဒိယနိုင်ငံ၌ အပူချိန်မြင့်မားသောဩဂုတ်လဖြင့် ရင်ဆိုင်ခဲ့ရပြီး စက်တင်ဘာလအတွင်း မိုးဆက်တိုက်ရွာသွန်းမှုများဖြစ်ပေါ်လာနိုင်

**နယူးဒေလီ ဇက်တင်ဘာ ၁**

အိန္ဒိယနိုင်ငံတွင် အပူချိန်မြင့်မားသော ဩဂုတ်လဖြင့် ရင်ဆိုင်ခဲ့ရပြီး စက်တင်ဘာလတွင် မိုးဆက်တိုက်ရွာသွန်းမှုများ ဖြစ်ပေါ်လာနိုင်၍ ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Newswav သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ပူပြင်းသည့် ဩဂုတ်လဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် စိုက်ပျိုးရေးကဏ္ဍအတွက် စိုက်ခင်းများအတွင်း ရေသွင်းရန်လိုအပ်နေသလို ရေလှောင်တမံများတွင်လည်း ရေပြန်လည်ဖြည့်တင်းရန် လိုအပ်နေကြောင်း၊ စက်တင်ဘာလအတွင်းမိုးရွာသွန်းမှုသာ ရေလှောင်တမံများအတွင်း ရေပြန်လည်ဖြည့်တင်း နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးကာလအတွင်း မိုးရွာသွန်းမှုဟာ ပုံမှန်ရွာသွန်းလေ့ရှိတဲ့ မိုးရွာသွန်းမှုထက်သိသိသာသာ လျော့နည်းခဲ့ပါတယ်။ ပုံမှန်ရွာသွန်းမှုနည်းပါးတဲ့ရက်တွေဟာ ဩဂုတ်လထဲမှာ အများဆုံးဖြစ်ပါတယ်။ ပြည်နယ်တော်တော်များများမှာ မိုးရာသီကာလအတွင်း ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ပြည်နယ်တချို့မှာပဲ ဩဂုတ်လအတွင်း မိုးအနည်းငယ်ရွာသွန်းမှုတွေရှိခဲ့တယ်။ ဒီစက်တင်ဘာလအတွင်းမှာတော့ မိုးဆက်တိုက်ရွာသွန်းဖွယ်ရှိနေပြီး ရေလှောင်တမံတွေအတွင်းမှာ လိုအပ်နေတဲ့ ရေပမာဏကို ပြန်လည်ဖြည့်တင်းနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍအတွက်လဲ လိုအပ်တဲ့ ရေပမာဏကို ပြန်လည်ဖြည့်တင်းနိုင်မှာဖြစ်ပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ အထွေထွေဒါရိုက်တာ မိုဟာပါသရာက ပြောကြားခဲ့သည်။

**ခိုင်းဆက်**



# ဂရိနိုင်ငံအတွင်း တောမီးလောင်ကျွမ်းမှုဖြစ်စဉ်လျော့ကျရေးအတွက် အပူချိန်တိုင်းသည့်ဆင်ဆာများတပ်ဆင်ထားသော Drone များ လွှတ်တင်မည်

**အေသင် ဇက်တင်ဘာ ၁**

ဂရိနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် ဂရိအာဏာပိုင်အဖွဲ့အစည်းက အပူချိန်တိုင်းဆင်ဆာများ တပ်ဆင်ထားသော Drone များလွှတ်တင်မည်ဟု ထုတ်ပြန်ခဲ့ကြောင်း Zawya သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အပူချိန်မြင့်တက်ပါက တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နိုင်သည့်အတွက် အပူချိန်တိုင်းဆင်ဆာများမှ အပူချိန်ပမာဏကို သိရှိနိုင်လျှင် တောမီးလောင်ကျွမ်းမှုကြိုတင်ကာကွယ်ရေး အစီအစဉ်များပြုလုပ်နိုင်မည်ဖြစ်သလို တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်လည်း အဲဗရို့စ်ဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး အဲဗရို့စ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေသည်မှာ ၁၃ ရက်တိုင်တိုင် ကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၂၀ ထက်မနည်း သေဆုံးနေပြီဖြစ်သည့်အတွက် ဂရိအာဏာပိုင်အဖွဲ့အစည်းက ဆိုးရွားသည့် တောမီးအန္တရာယ်ဖြင့် ရှောင်လွှဲနိုင်ရေးအတွက် အပူချိန်တိုင်းဆင်ဆာတပ်ဆင်ထားသည့် Drone များ လွှတ်တင်သွားမည့် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်လာခြင်းဖြစ်ကြောင်း သိရသည်။

မြေပြင်တွင် ဖြစ်ပေါ်နေသည့် အပူချိန်ကို သိရှိနိုင်ရေးအတွက် အပူချိန်တိုင်းဆင်ဆာတပ်ဆင်ထားသော Drone အစင်းရေ ၁၀၀ ထိ လွှတ်တင်သွားမည်ဖြစ်သလို သစ်တောကြိုးဝိုင်းများတွင် အဓိကစေလွှတ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သစ်တောရေးရာဝန်ကြီးဌာနအတွက် သုတေသီ ဦးရေ ၅၀၀ ကို ခန့်အပ်သွားမည်ဖြစ်သလို မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀၀ ထိ ထပ်မံခန့်အပ်သွားရန် စီစဉ်နေကြောင်း ဂရိအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။


**ခိုင်းဆက်**

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံ အတွင်း၌ ရှိ၊မရှိ စစ်ဆေးပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၅၆၂၂၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဇော်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၅၆၂၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၆၉၁၀၅ ဧကစိုက်ပျိုးရန်လျာထားပြီး မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ဩဂုတ် ၃၁ ရက်ထိ ၅၆၂၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစုံဧက ၆၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ဧက ၅၆၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မနှစ်က မိုးသီးနှံစုံဧက ၆၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး ၄၃၄၇၆ ဧက၊ ဖူးစားပြောင်းဧက ၉၄၀၊ မြေပဲဧက ၁၅၀၊ နှမ်းဧက ၁၀၀၊ နေကြာ ၁၀ ဧက၊ ကြက်ပေါင်စေး ၁၅၂ ဧက၊ ငရုတ် ၄၉ ဧက၊ ဟင်းခတ်အမွှေးအကြိုင် ၂၅ ဧက၊ ကြံ ၁၀ ဧက၊ လျှော်ဖြူဧက ၂၀၊ ကွမ်းရွက် ၁၉ ဧက၊ ပီလောပီနံဧက ၂၀၊ ဟင်းသီးဟင်းရွက်ဧက ၄၁၄၀၊ ငှက်ပျော ၈၅၃ ဧက၊ အုန်းဧက ၃၀၀၊ ထန်း ၁၀ ဧက၊ ကွမ်းသီး ခုနစ်ဧက၊ သစ်သီးပင် ၂၄၅၂ ဧက၊ အခြားသီးနှံဧက ၃၄၉၀ စုစုပေါင်း ၅၆၂၂၃ ဧက ဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ တောင်သူမှ တောင်သူမျိုးစေ့များ ဖလှယ်ခြင်း၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်ထံမှ သိရသည်။ (၂၀၆)

# ညောင်လေးပင်မြို့နယ် အရှေ့ဇီးကန်ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် ဇော်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့ဇီးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၉၅၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၈၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၀၈ ဒသမ ၉၅ သိန်း စုစုပေါင်းကုန်ကျငွေကျပ် ၆၈၈ ဒသမ ၉၅ သိန်းဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်မီးရရှိရေး ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ အချိန်ပြည့်လျှပ်စစ်မီးများ ရရှိနေပြီဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်ထံမှ သိရသည်။

**သုသု**

# ဘိုကလေးမြို့နယ်တွင် ဒေသထွက်ခရမ်းရှည်သီးများ ဈေးကောင်းရရှိ၍ တောင်သူများအဆင်ပြေနေ

**ဘိုကလေး ဇော်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ ဒေသထွက်ခရမ်းရှည်သီးများထွက်ရှိချိန် ဝယ်ယူမှုအားကောင်းပြီး ဈေးကောင်းရရှိနေခြင်းကြောင့် စိုက်ပျိုးတောင်သူများ အဆင်ပြေနေကြောင်း ဘိုကလေးမြို့မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လက ခရမ်းရှည်သီး အလုံး ၁၀၀ လျှင် ငွေကျပ် ၄၅၀၀ ဈေးရရှိခဲ့ပြီး ဩဂုတ်လ ဒုတိယပတ်မှ ယနေ့ထိ ခရမ်းရှည်သီးအလုံး ၁၀၀ လျှင် ငွေကျပ် ၁၀၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ဒီနှစ်ရဲ့ ဒုတိယအကြိမ် ဒေသခရမ်းရှည်သီးထွက်ရှိချိန်မှာ ဈေးကောင်းရကြတော့ တောင်သူတွေ အဆင်ပြေနေပါတယ်။ ဒေသထွက်ကုန်သီးနှံတွေပဲ အရောင်းအဝယ်လုပ်ရတော့ ရောင်းသူထက် စိုက်တဲ့သူ၊ ဝယ်တဲ့သူတွေ အစစအရာရာအဆင်ပြေပါတယ်။ ခရမ်းသီးက အစိုဓာတ်ကြိုက်တယ်လို့ စိုက်ပျိုးတောင်သူတွေက ပြောတယ်။ ဒါကြောင့် စိုက်ပျိုးရေးတောင်သူတွေက အခုလိုမိုးကာလမှာ ခရမ်းသီးကို အဓိကစိုက်လာတာတွေ့ရပါတယ်"ဟု ဘိုကလေးမြို့မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် ခရမ်းရှည်သီးများကို စိုက်ပျိုးတောင်သူများက ဒေသကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့် ပွဲရုံသို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကဝမြို့နယ်အတွင်း ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ ဇော်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိုင်ကျုံကျေးရွာနှင့် သပြေကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပိုင်ကျုံကျေးရွာနှင့် သပြေကန်ကျေးရွာ၌ စီမံကိန်းချေးငွေများဖြင့် ဆောင်ရွက်နေသည့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ကဝမြို့နယ် ပိုင်ကျုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၆ ဒသမ ၆၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၈ ဦးကို ငွေကျပ် ၁၄ ဒသမ ၆၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် သုည ဒသမ ၄၈ သန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၁၁ ဒသမ ၂၄ သန်း စုစုပေါင်းအသင်းသား ၂၄၈ ဦးကို ငွေကျပ် ၃၃ သန်း ထုတ်ချေးထားကြောင်း သိရသည်။

ထို့ပြင် သပြေကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈၁ ဦးကို ငွေကျပ် ၃၁ ဒသမ ၁၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၂၆ သန်း စုစုပေါင်းအသင်းသား ၂၅၃ ဦးကို ငွေကျပ် ၅၇ ဒသမ ၂ သန်း ထုတ်ချေးထားကြောင်း၊ အဆိုပါစီမံကိန်းချေးငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**သုတ**

# တောင်ကြီးမြို့နယ် မြေနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**တောင်ကြီး ဇော်တင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက လွယ်တော်ကျေးရွာအုပ်စု မြေနီကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာကဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော မြေနီကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြေနီကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့်မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းထံမှ သိရသည်။

**မောင်ရိုင်**

# အဖွဲ့ဝင်နိုင်ငံအရေအတွက် များပြားလာတော့မည့် BRICS

မောင်စိန်အိ(နဘဲမြေ)

၂၀၂၃ခုနှစ် ဩဂုတ်၂၂ ရက်မှ ၂၄ ရက်ထိ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ပြုလုပ်ခဲ့သည့် (၁၅) ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေးသို့ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကစသည့် BRICS အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ၎င်း ထိပ်သီးအစည်းအဝေး၌ အာဂျင်တီးနား၊ အီသီယိုးပီးယား၊ အီရန်၊ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု ဟူသည့်အဖွဲ့ဝင် ခြောက်နိုင်ငံကို BRICS အဖွဲ့အတွင်း ဝင်ရောက်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် စတင်သက်ရောက်မှုရှိမည်ဖြစ်သည်။

ထို့ကြောင့် BRICS အဖွဲ့သည် အဖွဲ့ဝင် ၁၁ နိုင်ငံထိရှိလာမည်ဖြစ်ပြီး အနောက်အုပ်စုက လွှမ်းမိုးလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာအင်စတီကျူးရှင်းများတွင် ပထဝီနိုင်ငံရေးဆိုင်ရာ အလှည့်အပြောင်းအဖြစ် မျှော်မှန်းဆောင်ရွက်နေမှုကို တိုးမြှင့်လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။ လက်ရှိ အဖွဲ့ဝင် ငါးနိုင်ငံသည် ကမ္ဘာ့ဘဏ် (WB)နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)တို့ကဲ့သို့သော ကမ္ဘာ့အင်စတီကျူးရှင်းအဖြစ် ရပ်တည်နေခြင်းမဟုတ်ဘဲ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်းအဖြစ်သာ ရပ်တည်ဆောင်ရွက်လျက်ရှိသည်။

BRICS အဖွဲ့ဝင် ငါးနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ ၄၂ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့ GDP ၏ ၂၃ ရာခိုင်နှုန်းကျော်ရှိသည်။ အဖွဲ့ဝင် ၁၁ နိုင်ငံထိရှိလာမည့် BRICS အဖွဲ့သည် ကမ္ဘာ့လူဦးရေ၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းထိ ရှိလာမည်ဖြစ်သည်။ IMF ၏ ၂၀၂၂ ခုနှစ် GDP အရ BRICS အဖွဲ့သည် ကမ္ဘာ့ GDP ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိလာမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း BRICS အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုတန်ဖိုးသည် ၅၆ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၂၂ ဘီလီယံထိရှိခဲ့သည့်အပြင် ဆက်လက်မြင့်တက်နေဖွယ်ရာလည်းရှိနေသည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဆိုလျှင် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်သည်။

တောင်အာဖရိကသမ္မတ ရာမာဖိုဆာက BRICS သည် စည်းလုံးညီညွတ်မှုနှင့် တိုးတက်မှုအတွက် ရပ်တည်နေခြင်းဖြစ်ကြောင်း၊ BRICS သည် အားလုံးသာတူညီမျှရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ BRICS သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရပ်တည်နေခြင်းဖြစ်ကြောင်း (၁၅) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၌ အဖွင့်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသွားခဲ့သည်။

BRICS သည် ဌာနချုပ်ရုံး၊ အတွင်းရေးမှူးရုံးနှင့် စာချုပ်စာတမ်းမရှိသော်လည်း ပူးပေါင်းဖွဲ့စည်းထားသည့် တရားဝင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုဘဏ်သစ်ကို ပိုင်ဆိုင်ထားရှိသည်။ ထို့ပြင် BRICS ကိုဖိုရမ်တစ်ခု၊ ပလက်ဖောင်းတစ်ခု၊ ယန္တရားတစ်ခု၊ မိတ်ဖက်အဖွဲ့အစည်းတစ်ခု သို့တည်းမဟုတ် မဟာဗျူဟာမြောက်မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ရည်ညွှန်းပြောဆိုနိုင်သည်ဟုဆိုသည်။

တရုတ်နှင့်ရုရှားတို့သည် အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိကတို့ကို ကုလသမဂ္ဂတွင် ပိုမိုကျယ်ပြန့်သောအခန်းကဏ္ဍမှ ပါဝင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိသည်။ (၁၅) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၌ အပြန်အလှန်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံပေါင်းစုံဝါဒ၊ ကမ္ဘာလုံးဆိုင်ရာစီမံအုပ်ချုပ်မှုပုံစံ ပြုပြင်ပြောင်းလဲခြင်းနှင့် စည်းလုံးညီညွတ်မှုဆိုသည့် အခြေခံစံနှုန်းလေးခုကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့်BRICS အဖွဲ့သည် ကိုယ်တိုင်နှင့်ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံပေါင်းစုံဝါဒကို စောင့်ရှောက်ပြီး အဆင့်မြှင့်တင်ရန် ကိုယ်စားပြုအဖွဲ့အစည်းများ၏ ရည်မှန်းချက်ဆိုင်ရာပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများကြား စည်းလုံးညီညွတ်မှုခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။




BRICS အဖွဲ့တွင် စီးပွားရေးသည် ပထမဦးစားပေးဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းထားနိုင်ရန် စုပေါင်းအားဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထူးခြားသောဆောင်ရွက်ချက်မှာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေဖြည့်ဆည်းပေးနိုင်ရေးဖွံ့ဖြိုးတိုးတက်မှုဘဏ်သစ်(NDB)ကို ထူထောင်နိုင်ခြင်းပင်ဖြစ်သည်။ ၎င်းဘဏ်သည် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံရှိသောကြောင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အရေးပေါ်အသုံးစရိတ် ထုတ်ယူနိုင်ပေသည်။

BRICS သည် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များတွင် ကုလသမဂ္ဂဆုံးဖြတ်ချက်မပါဘဲ အဖွဲ့အစည်းများ၏ အင်အားအသုံးပြုနေမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။ သာဓကအနေဖြင့် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အမေရိကန်၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် အာဖဂန်နစ္စတန်ကို ကျူးကျော်တိုက်ခိုက်ရေးအတွက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)ကို အသုံးချခဲ့ခြင်းနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို ရှောင်ရှားလျက် အမေရိကန်နှင့်ဗြိတိန်တို့က ၂၀၀၃ ခုနှစ်တွင် အီရတ်ကိုကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

BRICS အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ အင်စတီကျူးရှင်းများ၏ ခေါင်းဆောင်များရွေးချယ်တင်မြှောက်ရာတွင် ပွင့်လင်းမြင်သာပြီး ဒီမိုကရေစီနည်းလမ်းကျရန် ကာလရှည်ကြာ တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ သာဓကအနေဖြင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌနေရာသည် အမေရိကန်အတွက်ဖြစ်နေပြီး IMF ဦးဆောင်ညွှန်ကြားရေးမှူးနေရာသည် ဥရောပအတွက်ဖြစ်နေခြင်းပင်ဖြစ်သည်။ ကမ္ဘာ့ဘဏ်တွင် အဖွဲ့ဝင် ၁၈၉ နိုင်ငံနှင့် IMF တွင် အဖွဲ့ဝင်နိုင်ငံ ၁၉၀ ရှိသည်။

NDB ထူထောင်ခြင်းသည် ကမ္ဘာ့ဘဏ်ကိုအစားထိုးရန်မဟုတ်ဘဲ လက်ရှိနိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများကို ဖြည့်ဆည်းပေးသွားရန်ဖြစ်သည်။ NDB က ကမ္ဘာ့ဘဏ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများကို စီးပွားရေးအင်အားအပေါ် မူတည်၍ မဲပေးခွင့်အခွင့်အလမ်းများရရှိစေရန်နှင့် ဝန်ထမ်းရွေးချယ်ရာတွင်လည်း ဒေသအလိုက် အင်အားထိန်းညှိဆောင်ရွက်သွားရန် မျှော်မှန်းထားရှိနေဆဲပင်ဖြစ်သည်။

BRICS သည် ၂၀၁၀ ပြည့်နှစ်မှစ၍ အဖွဲ့ဝင်နိုင်ငံများကြား စည်းလုံးညီညွတ်မှုတည်ဆောက်ထားနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ထားရှိသည်။ BRICS သည် သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်ကူညီခြင်းနှင့် တစ်နိုင်ငံ၏အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားခြင်းတို့က အလေးထားလျက်ရှိသည်။

BRICSအဖွဲ့ဝင်နိုင်ငံများသည် ဘုံဖွံ့ဖြိုးတိုးတက်မှုအကျိုးစီးပွားများအတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံတည်းက လွှမ်းမိုးမှုရှိသောနိုင်ငံပေါင်းစုံပါဝင်သည့် ကမ္ဘာ့အခင်းအကျင်းကိုအဆိုပြုလျက်ရှိသည်။ လက်ရှိအချိန်တွင် BRICS အဖွဲ့သည် အမေရိကန်၏ ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ရည်မှန်းချက်များကို စိန်ခေါ်နိုင်မည့်အဖွဲ့အစည်းအဖြစ် ပြောင်းလဲဖြစ်ပေါ်လာလျက်ရှိသည်။

BRICS သည် အဖွဲ့ဝင်နိုင်ငံများကြား နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ခြင်းအားဖြင့် သိသာထင်ရှားသော တိုးတက်မှုများရှိခဲ့သည်။ BRICSနိုင်ငံများသည် ၂၀၀၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးနှင့်လုံခြုံရေးမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်မူဝါဒ ၇၈ ခု ချမှတ်နိုင်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများသည် စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ္ဍာရေးတို့အတွက် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ခဲ့သည်။

BRICS အဖွဲ့ဝင်နိုင်ငံများသည် အမေရိကန်ဒေါ်လာအစား ဒေသတွင်းငွေကြေးဖြင့် အစားထိုးအသုံးပြုသွားရန် စီစဉ်လျက်ရှိသောကြောင့် အမေရိကန်၏ အင်အားအပေါ် ကန့်သတ်ထိန်းချုပ်မှုများဖြစ်ပေါ်လာလျက်ရှိသည်။ ထိုအတောအတွင်း တရုတ်နှင့်ရုရှားတို့သည် BRICS ကို ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိသဖြင့် အမေရိကန်မူဝါဒချမှတ်သူများအနေဖြင့် အလေးထားစောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်လွန် အစောပိုင်းကာလများတွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်တို့နှင့် စတင်ခဲ့သော BRIC သည် ၂၀၁၁ ခုနှစ်တွင် တောင်အာဖရိကပါဝင်လာခြင်းအားဖြင့် BRICS အဖြစ်ရပ်တည်လာခဲ့သည်။ BRICS အဖွဲ့ဝင်နိုင်ငံများသည် GDP တိုးတက်ခဲ့သည့်အပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) များကိုလည်း ဆွဲဆောင်နိုင်ခဲ့သည်။ အမှန်တော့ BRICS အဖွဲ့ဝင်နိုင်ငံများ တိုးချဲ့ခြင်း၏ရည်မှန်းချက်သည် အနောက်အုပ်စုဦးဆောင်သော အဖွဲ့အစည်းများနေရာတွင် အစားထိုးနိုင်ရန်၊ ကမ္ဘာ့ဘဏ်နှင့် IMF တို့တွင် အမေရိကန်နှင့်ဥရောပတို့၏ လွှမ်းမိုးချုပ်ကိုင်နေမှုတို့ကို ဟန်ချက်ထိန်းညှိသွားရန်ပင်ဖြစ်သည်။ စင်စစ်အားဖြင့် တိုးချဲ့ဖွဲ့စည်းသွားမည့် BRICS အဖွဲ့တွင် အရှေ့အလယ်ပိုင်းဒေသမှ အီရန်၊ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ပါဝင်လာခြင်းသည် အမေရိကန်နှင့်အနောက်အုပ်စုအတွက် စီးပွားရေးနှင့် စစ်ရေးအရခြိမ်းခြောက်မှုဖြစ်လာတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- Wh six BRICS new members are buying into Asia Times.

# နမ့်စန်မြို့နယ် မောက်စံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နမ့်စန် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် မောက်စံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက မောက်စံကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အင်ဂျင်ပန့်တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက ကျေးရွာရပ်မိရပ်ဖများကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မောက်စံကျေးရွာတွင် အရှည် သုံးမိုင်ရှိ အမြင့်တင် ရေပိုက်သွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အင်ဂျင်ပန့်တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၈၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေဥက္ကာကြယ်ကုမ္ပဏီက ယခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် မောက်စံကျေးရွာရှိ အိမ်ခြေ ၄၂ အိမ် လူ ၁၃၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေအဆင်ပြေလွယ်ကူစွာ ရရှိနိုင်မည်ဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သံသာ

# တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်နေတဲ့ အာဆင်နယ်အသင်း၊ အင်တာမီလန်အသင်း၊ အေတီကိုအသင်းတို့ကို အားပေးရမှာပါ

ML



တနင်္ဂနွေနေ့ည ဥရောပပြိုင်ပွဲတွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်အုံးမှာသေချာပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်မှာတော့ အသင်းကြီးအားလုံးရလဒ်ကောင်းရှာနိုင်ခဲ့ပြီး စီးရီးအေက ဂျူဗင်တပ်နဲ့ လာလီဂါက ဆီဗီလာအသင်းတို့သာ နိုင်ပွဲပျောက်ခဲ့တာကိုတွေ့ရမှာပါ။ ဒီတစ်ပတ်တနင်္ဂနွေမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေထဲက အိမ်ကွင်းကစားပုံတည်ငြိမ်ပြီး အစဉ်အလာအရ အသာရနေတဲ့ အသင်းတွေကိုသာ အဓိကထားအားပေးသွားရမှာပါ။

**အာဆင်နယ်အသင်းကို အားပေးရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အာဆင်နယ်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲမှာ ဖူလ်ဟမ်အသင်းနဲ့တွေ့ဆုံခဲ့ပြီး တစ်ယောက်အသာ နှစ်ဂိုးတစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမဲ့ ခံစစ်ကစားပုံ အားနည်းချက်ကြောင့် ချေပဂိုးခွင့်ပြုလိုက်ရလို့ ရမှတ်ဆုံးရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ နော်တင်ဟမ်ကို နှစ်ဂိုး တစ်ဂိုး၊ ဒုတိယပွဲစဉ်မှာ ပဲလေ့စ်ကို တစ်ဂိုး ဂိုးမရှိနဲ့နိုင်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ထင်သလောက်အလုပ်မဖြစ်သေးတာကိုသတိပြုရမှာပါ။ အာဆင်နယ်အသင်းကတော့ အခုရာသီမှာ ဆုဖလားအားလုံးကို စိန်ခေါ်နိုင်ဖို့အတွက် ဒီကလန်ရိုက်၊ တင်ဘာ၊ ကိုင်ဟာဗတ်၊ ဂိုးသမားရာယာတို့ကို ခေါ်ယူအားဖြည့်ခဲ့ပေမဲ့ တင်ဘာက ဒဏ်ရာကြောင့် ကာလရှည်အနားယူရမှာဖြစ်သလို တိုက်စစ်ပိုင်းက ကိုင်ဟာဗတ်ကလဲ ခြေစွမ်းပြဖို့ ရုန်းကန်နေရလို့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ ခက်ခဲနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူနေရတဲ့ တိုက်စစ်မှူး ဂျီးဆပ်ပြန်လည်ပါဝင်လာတာကြောင့် အာဆင်နယ်အသင်းတိုက်စစ်ပိုင်းကစားအား တောင့်တင်းလာမှာသေချာနေပါတယ်။ ဒါ့ပြင် အစဉ်အလာကြီးမားတဲ့ပြိုင်ဘက်တွေဖြစ်တဲ့ မန်ယူအသင်းကို ဧည့်ခံကစားရမှာဖြစ်တာကြောင့် အခုပွဲစဉ်ကို မရှုံးနိမ့်ဖို့အတွက် ပြင်ဆင်လာမှာသေချာနေပြီး နည်းပြအာတီတာလက်ထက် အိမ်ကွင်းပွဲစဉ်တွေမှာလဲ အာဆင်နယ်က မန်ယူကိုရှုံးနိမ့်ခဲ့ခြင်းမရှိခဲ့တာကို တွေ့ရမှာပါ။

မန်ယူအသင်းကလဲ ပြီးခဲ့တဲ့သုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ခံစစ်ကစားပုံကတော့ အားနည်းချက်ရှိနေဆဲဖြစ်ပါတယ်။ အဓိကကတော့ ဗဟိုခံစစ်ပိုင်းပြဿနာကို နည်းပြတန်ဟတ်မဖြေရှင်းနိုင်သေးသလို တောင်ပံကစားသမားတွေကလဲ ဒဏ်ရာကြောင့် အနားယူနေရလို့ ပြီးခဲ့တဲ့ပွဲစဉ်မှာ နော်တင်ဟမ်ကို ပွဲချိန်ငါးမိနစ်အတွင်း နှစ်ဂိုးပေးလိုက်ရတာကိုတွေ့ရမှာပါ။ နည်းပြတန်ဟတ်ကတော့ တိုက်စစ်ကစားပုံမြှင့်တင်ချင်တာကြောင့် အခုအပြောင်းအရွှေ့မှာမေဆင်မောင့်၊ ဟိုက်လန်းတို့ကို ခေါ်ယူ ခဲ့ပေမဲ့ မေဆင်မောင့်က အသင်းနဲ့အသားကျဖို့ ရုန်းကန်နေရသလို ဟိုက်လန်းကလဲ ဒဏ်ရာကြောင့် အသင်းနဲ့ မပူးပေါင်းနိုင်သေးတာကြောင့် အခက်တွေ့နေဆဲဖြစ်ပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အာဆင်နယ်အသင်းအိမ်ကွင်းမှာလဲ မန်ယူအသင်းက နိုင်ပွဲမရခဲ့တာကြောင့် အဓိကကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမဲ့ အိမ်ကွင်းကစားအားကောင်းတဲ့ အာဆင်နယ်အသင်းကိုပဲအားပေးရမှာပါ။

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၁ | - | ၁ | မိုနာကို |
| မန်စီးတီး | ၁ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၂ | - | ၁ | နော်တင်ဟမ် |
| ပဲလေ့စ် | ၀ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၂ | - | ၂ | ဖူလ်ဟမ် |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၃ | - | ၁ | လန်း |
| မန်ယူ | ၁ | - | ၁ | ဘီလ်ဘာအို |
| မန်ယူ | ၁ | - | ၀ | ဝုဗ် |
| စပါး | ၂ | - | ၀ | မန်ယူ |
| မန်ယူ | ၃ | - | ၂ | နော်တင်ဟမ် |

**အင်တာမီလန်အသင်း ရလဒ်ကောင်းမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ အင်တာမီလန်နဲ့ ဖီအိုရင်တီးနားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ နည်းပြအင်ဇာဂီလက်ထက်မှာ ကစားပုံတိုးတက်လာသလို အသင်းလိုက်ကစားအားကောင်းလာတာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ သူတို့အသင်းဟာ ဒီဇစ်ကိုနဲ့ အငှားခေါ်ယူထားတဲ့ လူကာကူကိုလက်လွှတ်ခဲ့ပေမဲ့ ဆန်းချက်ဇ်၊ အန်နာတိုဗစ်၊ မားကယ်သူရမ်တို့လို တိုက်စစ်မှူးတွေကိုခေါ်ယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းမှာလဲ ပါဗက်၊ ကွာရာဒို၊ ဂိုးသမားဆွန်မာတို့ကို အားဖြည့်နိုင်ခဲ့ တာကိုတွေ့ရမှာပါ။ ဒါကြောင့်အဖွင့်ပွဲစဉ်မှာ မွန်ဇာကို နှစ်ဂိုး ဂိုးမရှိ၊ ဒုတိယပွဲစဉ်မှာ ကက်ဂလီယာရီကို နှစ်ဂိုး ဂိုးမရှိနဲ့အနိုင်ရခဲ့ပြီး တိုက်စစ်မှူး မာတီနက်ဇ်ကတော့ သွင်းဂိုးသုံးဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ မာတီနက်ဇ်နဲ့ မားကပ်သူရမ်တို့အတွဲကို ဖီအိုရင်တီးနားအသင်းမထိန်းချုပ်နိုင်ရင်တော့ ပေးဂိုးများသွားဖို့သေချာနေပြီး အင်တာမီလန်နိုင်ပွဲရှာတွေ့သွားမှာ ဖြစ်ပါတယ်။

ဖီအိုရင်တီးနားအသင်းဟာ အဖွင့်ပွဲစဉ်မှာ ဂျီနိုအာကို လေးဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့ပေမဲ့ ဒုတိယပွဲစဉ်မှာ လက်ချီကို အိမ်ကွင်းမှာသရေရလဒ်သာ ကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဖီအိုရင်တီးနားအသင်းဟာ အခုအပြောင်းအရွှေ့မှာ တိုက်စစ်မှူး ကာဘရယ်ကိုရောင်းချခဲ့ပြီး သူ့နေရာမှာအဓိကကစားသမားခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပေမဲ့ အသင်းရဲ့လိုအပ်ချက်တွေကို တိုက်စစ်မှူး ဂွန်ဇာလက်စ်က ဖြည့်ဆည်းပေးနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အင်တာမီလန်အသင်းဟာ ဂွန်ဇာလက်စ်ကို ထိန်းချုပ်ဖို့ ပြင်ဆင်လာမှာသေချာနေတာကြောင့် ဖီအိုရင်တီးနားအသင်းအနေနဲ့ တိုက်စစ်ပိုင်းမှာ ဘယ်လိုကစားသမားမျိုးနဲ့ ပွဲထွက်လာမလဲဆိုတာလဲ စဉ်းစားစရာဖြစ်နေပါတယ်။ သူတို့အသင်းနည်းပြကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းပြောင်းလဲနေပေမဲ့ ကွင်းလယ်ပိုင်းမှာ အမ်မရာဘတ်မပါနိုင်တာကြောင့် ခံစစ်ပိုင်းအားနည်းချက်ကို ဖြေရှင်းနိုင်ခြင်းမရှိသေးပါဘူး။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ ၂၀၁၇ ခုနှစ်နောက်ပိုင်းကစလို့ ဖီအိုရင်တီးနားအသင်းက အင်တာမီလန်အသင်းကို တစ်ပွဲသာအနိုင်ရခဲ့လို့ အခုပွဲစဉ်မှာလဲ အင်တာမီလန်အသင်းကို အနိုင်ရဖို့ထက် မရှုံးနိမ့်ရေးသာကစားရမှာပါ။ ဒါကြောင့် အသင်းလိုက်ကစားအားကောင်းနေတဲ့ အင်တာမီလန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၁ | - | ၂ | အင်တာမီလန် |
| ဆဲလ်ဘတ် | ၃ | - | ၄ | အင်တာမီလန် |
| အင်တာမီလန် | ၄ | - | ၂ | အန်နာတီယာ |
| အင်တာမီလန် | ၂ | - | ၀ | မွန်ဇာ |
| ကက်ဂလီယာရီ | ၀ | - | ၂ | အင်တာမီလန် |

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၁ | - | ၁ | ခရီတီ |
| ဂျီနိုအာ | ၁ | - | ၄ | ဖီအိုရင်တီးနား |
| ရက်ပစ်ဝီန်း | ၁ | - | ၀ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၂ | - | ၂ | လက်ချီ |
| ဖီအိုရင်တီးနား | ၂ | - | ၀ | ရက်ပစ်ဝီန်း |

**အေတီအသင်းကို အနိုင်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အေတီကိုနဲ့ ဆီဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အေတီကိုဟာ နည်းပြဆီမြွန်နီလက်အောက်မှာ တိုက်စစ်ကစားပုံကောင်းလာတာကြောင့် အဖွင့်ပွဲစဉ်မှာ ဂရန်နာဒါကို သုံးဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သလို ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ဗယ်လ်ကာနိုအသင်းကို ခုနစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ တိုက်စစ်ပိုင်းက မိုရာတာနဲ့ ဒီပေးတို့က ပွဲတိုင်းဂိုး သွင်းယူနိုင်ခဲ့ပြီး မိုရာတာက သွင်းဂိုး သုံးဂိုးထိရရှိခဲ့တာကို တွေ့ရမှာပါ။အေတီကိုဟာ အခုအပြောင်းအရွှေ့မှာ ဆိုရန်ဆူ၊ အက်ပီလီကျူတာ၊ ဗိုဟာတီတို့ကို ခေါ်ယူအားဖြည့်နိုင်ခဲ့တာကြောင့် ခံစစ်ပိုင်းမာကျောလာတာကို သတိပြုရမှာပါ။ လက်ရှိအမှတ်ပေးဇယားမှာလဲ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အဆင့်(၂)မှာရပ်တည်နေပြီး တိုက်စစ်ပိုင်းက ဂိုးသွင်းအများဆုံးအသင်းအဖြစ် ဦးဆောင်နေတာလဲဖြစ်ပါတယ်။

ဆီဗီလာအသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲနှစ်ပွဲမှာ အသင်းငယ်တွေနဲ့ တွေ့ဆုံခဲ့ပေမဲ့ နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးခြောက်ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်း ခံစစ်ပိုင်းက ဂိုးသမားဘိုနိုနဲ့ မွန်တီရယ်တို့ကိုရောင်းချခဲ့ပေမဲ့ ခြေစွမ်းပြကစားသမားတွေ ပြန်လည်ဖြည့်ဆည်းနိုင်ခဲ့ခြင်းမရှိခဲ့တာကြောင့် လက်ရှိမှာရလဒ်ပိုင်းဆိုးရွားနေတာကို သတိပြုရမှာပါ။ တိုက်စစ်ပိုင်းမှာတော့ အိုကမ်ပို့စ်၊ လာမီလာ၊ အန်ညက်ဆီရီတို့ကိုတွဲဖက်အသုံးပြုနေပေမဲ့ အိုကမ်ပို့စ်ကိုလဲ ရောင်းချဖို့ ကြိုးစားနေတာကြောင့် အခုပွဲစဉ်မှာအိုကမ်ပို့စ်ပါဝင်ဖို့ မသေချာသေးပါဘူး။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ယူရိုပါလိဂ် ဆုဖလားဆွတ်ခူးနိုင်ခဲ့ပေမဲ့ လက်ရှိမှာတော့ ခံစစ်ပိုင်းကျဆင်းသွားခဲ့လို့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲထိ နိုင်ပွဲပျောက်ဆုံးခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ နည်းပြမန်ဒီလီဘာအနေနဲ့ ပုံမှန်ကစားကွက်နဲ့ ပြီးခဲ့တဲ့ပွဲစဉ်ကလူစာရင်းအတိုင်း အေတီကိုအသင်းကို ယှဉ်ပြိုင်ဖို့ကြိုးစားလာမယ်ဆိုရင်တော့ နောက်ထပ်ရှုံးပွဲတစ်ပွဲ ထပ်မံကြုံတွေ့ရမှာသေချာပါတယ်။ ဒါကြောင့် အိမ်ကွင်းကစားအားနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အေတီကိုအသင်းကိုပဲ အနိုင်ရသွားမှာပါ။

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၁ | - | ၁ | ဆီဗီလာ |
| အေတီကို | ၃ | - | ၁ | ဂရန်နာဒါ |
| ဘက်တစ် | ၀ | - | ၀ | အေတီကို |
| နူမန်စီယာ | ၀ | - | ၂ | အေတီကို |
| ဗယ်လ်ကာနို | ၀ | - | ၇ | အေတီကို |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၁ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၂ | ဗလင်စီယာ |
| မန်စီးတီး | ၁ | - | ၁ | ဆီဗီလာ |
| အလာဗက် | ၄ | - | ၃ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၁ | ဂျီရိုနာ |







## ဝန်ထမ်းအလိုရှိပါသည်

Marketing အမျိုးသမီး (၅) ဦး

-အသက် (25)နှစ်အတွင်း၊ အိမ်ထောင်မရှိသူဖြစ်ရမည်။
-နယ်ခရီးသွားနိုင်ရမည်။
-ဆယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

No.436, 76×33 လမ်းထောင့်၊ Ph; 09-782005585

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ.လ.က (ခွဲ) (၂၂)၊ Grade-7 တွင် ပညာသင်ကြားနေသော မယွန်းမြတ်ဇင်မာဇော် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်(၉/ခမစ(နိုင်)၀၀၂၇၁၁)အရ ဦးဇော်ဟိန်းစံ ဖြစ်ပါကြောင်း။

**ဦးဇော်ဟိန်းစံ(၉/ခမစ(နိုင်)၀၀၂၇၁၁)**

## အမည်ပြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အပိုင်း(၅)၊ အိမ်အမှတ်(၅၉)နေ ဦးစိုးပွားဒေါ်စိုးစိုးမာ တို့၏သမီး မသော်သော်စိုး အား မယမင်းပိုင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မယမင်းပိုင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-9 (သချီ)ခန်းတွင် ပညာသင်ကြားနေသော မောင်အောင်သူဟိန်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနန်းဝင်းစန်း ဖြစ်ပါကြောင်း။

**ဦးနန်းဝင်းစန်း(၉/ကဆန(နိုင်)၀၀၀၁၁၃)**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တွင်ပညာသင်ကြားနေသော မောင်ရိန်းဇော် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဟိန်းထိုက်လွင် ဖြစ်ပါကြောင်း။

**ဦးဟိန်းထိုက်လွင်(၈/ရနစ(နိုင်)၀၈၁၈၅၁)**

"အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ရန်သူမီးဘေး တားဆီးရေး မနှေး ဆောင်ရွက်ကြ

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

❖ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့်နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာရေး၊ တစ်ဦးချင်းဝင်ငွေများ မြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလို ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာကော်မရှင်(၁/၂၀၂၃)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေး

မြဝတီရုပ်မြင်သံကြားနှင့် သဇင် FM တို့အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ၊ စက်မှုပိုင်းဆိုင်ရာစစ်ဆေးပြုပြင်မှုများကို ၃၁-၈-၂၀၂၃ ရက်မှ ၃-၉-၂၀၂၃ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အဆိုပါစစ်ဆေးပြုပြင်နေစဉ်ကာလအတွင်း မြဝတီရုပ်မြင်သံကြားလိုင်းများနှင့် သဇင် FM အစီအစဉ်များ ဖမ်းယူကြည့်ရှုရာတွင် လိုင်းများထစ်ခြင်းနှင့် ခေတ္တပြတ်တောက်ခြင်းများဖြစ်ပေါ်လာနိုင်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

# ထမံသီတောတွင် ရှားပါးဘင်္ဂလားကျားများကို ထိန်းသိမ်းထား

**ရန်ကုန် စက်တင်ဘာ ၁**

ကမ္ဘာပေါ်တွင် ရှားပါးတိရစ္ဆာန်စာရင်းဝင်ဖြစ်သော ကျားများကျက်စားနေထိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်းတည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှားပါးမျိုးစိတ်ဘင်္ဂလားကျားများကို သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့်သားငှက်ထိန်းသိမ်းရေးဌာနက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။



မြန်မာနိုင်ငံအနေဖြင့် အာဆီယံအမွေအနှစ်ဥယျာဉ် ရှစ်ခုကို ပိုင်ဆိုင်ထားပြီး မြန်မာနိုင်ငံမြောက်ပိုင်းရှိ ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောနှင့် မြန်မာနိုင်ငံတောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီး သဘာဝကြိုးဝိုင်းတို့၌ ရှားပါးမျိုးစိတ်များဖြစ်သည့် ဘင်္ဂလားကျားများ နေထိုင်ကျက်စားလျက်ရှိသည်။ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်း တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှာ ၈၃၀ ဒသမ ၄ စတုရန်းမိုင် (၅၃၁၄၅၆ ဧက)ကျယ်ဝန်းပြီး ၁၉၇၄ ခုနှစ် မေလတွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ကာ ၁၉၉၄ ခုနှစ် စက်တင်ဘာ ၁ ရက်၌ ဟုမ္မလင်းမြို့တွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ ရက်၌ ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်

စာမျက်နှာ ၂၃ ကော်လံ ၁ ☆



**ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ**

စာမျက်နှာ - ၁၉

**နန်းယုတ်ကြိုးပြင်ကာကွယ်တော သတ်မှတ်**

စာမျက်နှာ - ၂၃

## မှတ်သားဖွယ်ရာ မိုးရေချိန်များ
(၁-၉-၂၀၂၃)

| | | | |
|---|---|---|---|
| တောင်ကြီး | ၂ ဒသမ ၉၁ လက်မ | ချောင်းဆုံ | ၁ ဒသမ ၅၀ လက်မ |
| မလှိုင် | ၂ ဒသမ ၁၀ လက်မ | တမူး | ၁ ဒသမ ၃၈ လက်မ |
| ပေါက်တော | ၂ ဒသမ ၀၅ လက်မ | လောင်းလုံ | ၁ ဒသမ ၃၀ လက်မ |
| မိတ္ထီလာ | ၁ ဒသမ ၉၃ လက်မ | မြေပုံ | ၁ ဒသမ ၂၄ လက်မ |
| အမ်း | ၁ ဒသမ ၅၀ လက်မ | ပလက်ဝ | ၁ ဒသမ ၁၈ လက်မ |

